မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | | | |
|---|---|---|---|---|
| အမှတ် ၃၄] | ရန်ကုန်မြို့ | ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်<br>(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်) | သောကြာနေ့ | [အတွဲ ၇၅ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

**KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ကိုရီးယား–မြန်မာစက်မှုမြို့ KMIC Industrial Complex အား ဒေသတွင်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် နိုင်ငံတကာအဆင့်မီစက်မှုမြို့တစ်ခုဖြစ်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းများချောမွေ့စွာ လည်ပတ်စေနိုင်ရန်နှင့် ကောင်းမွန်သော အခြေခံအဆောက်အအုံ၊ ပြည့်စုံသော Facilitation Service ဝန်ဆောင်မှုများဖြင့် ထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရန် **KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဝန်ကြီး<br>လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) အမှုဆောင်အရာရှိချုပ် — အဖွဲ့ဝင်
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ **KMIC စက်မှုဇုန်ထူထောင်ရေးဦးဆောင်ညှိနှိုင်းမှုကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာ-ကိုရီးယားဖက်စပ်ထူထောင်သည့် KMIC စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဦးစီးဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သော ခွင့်ပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ လုပ်ငန်းများချောမွေ့စေရေး စီမံဆောင်ရွက် ပေးရန်၊

( ခ ) KMIC ဇုန်အတွက် လိုအပ်သော အခြေခံအဆောက်အအုံ (လမ်း၊ ရေပေးရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး) စသည့် ဖြန့်ဖြူးရေးလုပ်ငန်းများ ပြည့်စုံကောင်းမွန်စွာ လည်ပတ်စေရေး စီမံကွပ်ကဲဆောင်ရွက်ပေးရန်၊

( ဂ ) အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်စေမည့် သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်တိုးမြှင့်ရေးစက်မှုလုပ်ငန်းများ၊ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်ရန်၊

(ဃ) KMIC ဇုန်တွင် Bonded Area သတ်မှတ်၍ သွင်းကုန်၊ ပို့ကုန်နှင့် အကောက်ခွန်လုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊

( င ) KMIC ဇုန်တွင် လာရောက်နေထိုင်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ ကျွမ်းကျင်အလုပ်သမားများနှင့် ပညာရှင်များ၊ ၎င်းတို့၏ မိသားစုဝင်များ နေထိုင်ခွင့်ရရှိရေးနှင့် ပြည်တွင်းခရီးသွားလာရေးတို့အတွက် လိုအပ်သည်များကို အဆင်ပြေချောမွေ့မှုရှိစေရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

( စ ) KMIC ဇုန်တွင် ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရဘဲ အဆောက်အဦ ဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်၊

(ဆ) ရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးတည်ဆောက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး၊ မြေအသုံးပြုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ အခွန်အခ၊ စည်ပင်သာယာရေး၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးစသည့် KMIC ဇုန် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်။

၃။ ကော်မတီသည် လိုအပ်သည့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၁ နှင့် ၂၀၂၁ ခုနှစ်၊ မတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် လက်ရှိဘဏ်လုပ်ငန်းစနစ် ပိုမိုအားကောင်းခိုင်မာရေးနှင့် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော စံသတ်မှတ်ချက်များနှင့်အညီ လိုက်လျောညီထွေဆောင်ရွက်

နိုင်ငံရေးအတွက် **ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>(အတွင်းရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့) | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး<br>(အတွင်းရေးမှူး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်) | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံဘဏ်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံအာမခံအသင်း | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်တစ်ဦး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဏ) | ကိုယ်စားလှယ်တစ်ဦး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(တ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ထ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီတည်ထောင်ရန်အတွက် နိုင်ငံတကာမှ ဆောင်ရွက်နေသော လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ မိမိနိုင်ငံနှင့်လိုက်လျောညီထွေမှုရှိသော ရရန်ပိုင်ခွင့်များစီမံခန့်ခွဲရေးကုမ္ပဏီ (Assets Management Company) ဖွဲ့စည်းတည်ထောင်နိုင်ရေးကို လက်ရှိအခြေအနေများပေါ်မူတည်၍ ဖြစ်နိုင်ခြေဖွဲ့စည်းမှုနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်အကြံပြုတင်ပြရန်၊

(ခ) အဆိုပါကုမ္ပဏီတည်ထောင်ရန် လိုအပ်သည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေများအရ စိစစ်တင်ပြရန်နှင့် ပြင်ဆင်ပြောင်းလဲရမည့်ဥပဒေများရှိပါကလည်း ပြုစုတင်ပြရန်၊

(ဂ) တည်ထောင်မည့် ရရန်ပိုင်ခွင့်စီမံခန့်ခွဲရေးကုမ္ပဏီ (Assets Management Company) ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်နိုင်ရေးအတွက် လေ့လာသုံးသပ်တင်ပြရန်၊

(ဃ) လုပ်ငန်းကော်မတီ၏ တိုးတက်မှုအစီရင်ခံစာကို ၃ လတစ်ကြိမ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ထံ တင်ပြရန်၊

(င) လုပ်ငန်းကော်မတီ၏ရုံးလုပ်ငန်းများနှင့် လိုအပ်သောကုန်ကျစရိတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရန်ပုံငွေမှ ကျခံသုံးစွဲရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်ကျော်သင် ကို မုံရွာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးသိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| (ခ) | ဒေါက်တာ ဖြူဖြူဝင်း | ညွှန်ကြားရေးမှူးချုပ်<br>သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာ ကျော်ရွှေ | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၁) ရန်ကုန်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်)

**အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်း ကော်မတီ** နှင့် **ဥပဒေရေးရာဆန်းစစ်အကြံပြုရေးဆပ်ကော်မတီ (ငှားရမ်းထားသောနေရာများအတွက်)** တို့တွင် အဖွဲ့ဝင်များနှင့် ဥက္ကဋ္ဌ ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(၁) **အောင်ဆန်းအားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကော်မတီ**

| | | **အစား** | |
|---|---|---|---|
| (က) | အဖွဲ့ဝင်<br>ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | | အဖွဲ့ဝင်<br>ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| (ခ) | အဖွဲ့ဝင် | **အစား** | အဖွဲ့ဝင် |
| | လူမှုရေးဝန်ကြီး | | ဥပဒေချုပ် |
| | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |

(၂)　**ဥပဒေရေးရာဆန်းစစ်အကြံပြုရေးဆပ်ကော်မတီ (ငှားရမ်းထားသောနေရာများအတွက်)**

| | | | |
|---|---|---|---|
| - | ဥက္ကဋ္ဌ | **အစား** | ဥက္ကဋ္ဌ |
| | လူမှုရေးဝန်ကြီး | | ဥပဒေချုပ် |
| | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၄၀၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ် အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်စန်းသော်တာခိုင် တ/၃၆၂၅ | ပုသိမ် ဧရာဝတီတိုင်းဒေသကြီး |
| ၂။ | ဒေါ်စန်းရတနာ တ/၃၆၈၂ | သန်လျင် ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၄၀၇/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရမြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးအောင်ဇေယျာဝင်း<br>တ/၂၈၈၃ | မိုးကောင်း<br>ကချင်ပြည်နယ် |
| ၂။ | ဒေါ်ရွှေရည်ဦး<br>တ/၃၁၂၁ | မင်းကင်း<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ဦးဇော်ကိုကို<br>တ/၃၂၈၉ | တာမွေ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဒေါ်ဇင်မာဝေ<br>တ/၃၃၉၄ | မိုးကုတ်<br>မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဒေါ်ဟေမာန်နှင်း<br>တ/၃၄၀၂ | ရန်ကင်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ဦးထင်လင်း<br>တ/၃၄၂၀ | ပုလော<br>တနင်္သာရီတိုင်းဒေသကြီး |
| ၇။ | ဒေါ်ဝါဝါကျော်<br>တ/၃၅၃၅ | သနပ်ပင်<br>ပဲခူးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၇၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးဇာလီစံ<br>တ/၃၁၄၄ | ထားဝယ်<br>တနင်္သာရီတိုင်းဒေသကြီး |
| ၂။ | ဦးရဲမောင်မောင်<br>တ/၃၂၄၂ | ဝ<br>ရခိုင်ပြည်နယ် |
| ၃။ | ဒေါ်နန်းအေးအေးခြူး<br>တ/၃၂၇၂ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>မြောက်ဥက္ကလာပ<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးသူရဇော်<br>တ/၃၃၂၀ | ကံမ<br>မကွေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၇၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးလွင်ကိုကိုဦး<br>တ/၃၇၂၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မတူပီ<br>ချင်းပြည်နယ် |

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဦးကျော်ဟိန်းထက်<br>တ/၃၇၆၀ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကန်ပက်လက်<br>ချင်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၇၉/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ လှိုင်လင်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်မေသဥ္ဇာသင်း (တ/၃၅၂၆) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၈၁/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့်ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်မေမေလွင်<br>တ/၃၄၉၁ | ပုဇွန်တောင်<br>ရန်ကုန်တိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
| --- | --- | --- |
| ၂။ | ဒေါ်မေကဗျာအေးကြည် တ/၃၅၃၂ | မြိတ် တနင်္သာရီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

### ကျန်းမာရေးဆပ်ကော်မတီ အဖွဲ့ဝင် (၁) ဦး ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၈၅/၂၀၂၂ ရှိ အပိုဒ် (၂) ပါ ဖော်ပြချက်အရ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့သည့် ကျန်းမာရေးဆပ်ကော်မတီတွင် လုပ်ငန်းလိုအပ်ချက်အရ အောက်ပါအဖွဲ့ဝင် (၁) ဦးကို ယှဉ်တွဲပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
| --- | --- | --- |
| ဗိုလ်မှူးကြီး မျိုးဦး<br>ဌာနမှူး (ကျန်းမာ/ဆေးခံ)<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | **အစား** | ဒုတိယဗိုလ်မှူးကြီး ကျော်မျိုးထွန်း<br>ဦးစီးအရာရှိ (ပထမတန်း)<br>ကုသရေး၊ ဆေးခံ၊ ဆေးမှတ်တမ်း<br>သတင်းအချက်အလက်နှင့် ကွန်ပျူတာ<br>ဌာနခွဲ<br>ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန |

ဦးကိုကို
ဥက္ကဋ္ဌ
(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းဆည်းခြင်း

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့မှ ခွင့်ပြုခဲ့ပြီး ဖော်ထုတ်သတ်မှတ်ကာလ (၄) နှစ်အတွင်း ခွင့်ပြုဧရိယာအား သတ်မှတ်ကာလအတွင်း ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသော ပူးတွဲဇယားပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၁၁.၇၄ ဧကအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၆/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂ (က) (၃)၊ နည်းဥပဒေ ၅၇ (ခ) တို့နှင့်အညီ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များကို ရုပ်သိမ်းလိုက်ပြီး ပေးသွင်းထားသော အာမခံကြေးများကိုပါ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းလိုက်သည်။

**သတ်မှတ်ကာလ (၄) နှစ်အတွင်း တစ်စိတ်တစ်ပိုင်းဖော်ထုတ်စိုက်ပျိုးပြီး ဖော်ထုတ်လုပ်ကိုင်မှုမရှိသည့် ဧရိယာများအား သိမ်းဆည်း၍ ခွင့်ပြုမိန့်ပြင်ဆင်ထုတ်ပေးမည့်စာရင်း**

| စဉ် | ပုဂ္ဂိုလ်/ အဖွဲ့အစည်း အမည် | ခွင့်ပြုမိန့်ချထားသည့် | | | | | သတ်မှတ်ကာလ အတွင်း ဖော်ထုတ် ပြီးစီးသည့် ဧရိယာ (ဧက) | သတ်မှတ်ကာလ အတွင်း ဖော်ထုတ်ခြင်း မရှိ၍ ပြန်လည် သိမ်းဆည်း သည့် ဧရိယာ (ဧက) |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာ အုပ်စု | ခွင့်ပြုသည့် ရက်စွဲနှင့် စာအမှတ် | ခွင့်ပြုသည့် အကြောင်း အရာ | ခွင့်ပြု ဧရိယာ (ဧက) | | |
| ၁ | ဦးကျော်ငွေ (အာကာဦး ကုမ္ပဏီ) | ပန်းတနော် | မင်းဆယ် | ၃၁၇(က)/ မယ(ဖ) (၁၁)၂၀၁၆ (၂၅.၄.၂၀၁၆) | ငါးမွေးမြူရန် | ၇၆.၃၆ | ၆၄.၆၂ | ၁၁.၇၄ |
| စုစုပေါင်း | | | | | | ၇၆.၃၆ | ၆၄.၆၂ | ၁၁.၇၄ |

တင်ထွဋ်ဦး

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၇၉/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။　မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၅၈/၂၀၂၁) ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များပါ အပိုဒ် ၂ (က) အရ အမျိုးသားကော်မတီ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီကို အစိုးရ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ အနိမ့်ဆုံး ညွှန်ကြားရေးမှူးအဆင့် တာဝန်ထမ်းဆောင်သူ ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ အခြားအဖွဲ့အစည်းများမှ အနိမ့်ဆုံးအလုပ်အမှုဆောင်အဆင့် တာဝန်ထမ်းဆောင်သူ ကိုယ်စားလှယ်များဖြင့်လည်းကောင်း အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထဲရေးဝန်ကြီးဌာန၊ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (ဂ) | နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဋ) | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဎ) | ကိုယ်စားလှယ်<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

(ဏ) ကိုယ်စားလှယ် အလုပ်သမားအဖွဲ့အစည်း — အဖွဲ့ဝင်

(တ) မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ — အဖွဲ့ဝင်

(ထ) မြန်မာနိုင်ငံကြက်ခြေနီအသင်း — အဖွဲ့ဝင်

( ဒ ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန — အဖွဲ့ဝင်

( ဓ ) ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး ဦးစီးဌာန — အတွင်းရေးမှူး

( န ) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၁)

( ပ ) ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး (၂)

၂။ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းသတ်မှတ်ရန် ဖြစ်ပါသည်-

(က) ပုံမှန်အစည်းအဝေးများကို (၃) လတစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အရေးပေါ်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

( ခ ) ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများ ဖန်တီးခြင်းနှင့် စီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အခြားလုပ်ငန်းကော်မတီများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဂ ) ကော်မတီဝင်များသည် လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေကို စောင့်ကြည့်ကြီးကြပ်ခြင်း၊

(ဃ) ဦးစားပေးစီမံကိန်းများနှင့် အညွှန်းကိန်းများ ရေးဆွဲပြုစုခြင်း၊

( င ) နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ လုပ်ငန်းစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့်ကူညီထောက်ပံ့မှုများ၊ အားပေးမြှင့်တင်မှုများ ဆောင်ရွက်ခြင်း၊

( စ ) ပညာရေးသင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ခြင်း၊

(ဆ) ကျောင်းအဆောက်အဦနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊

( ဇ ) အခြေခံပညာ၊ သက်မွေးပညာများကို ရပ်ရွာဒေသအလိုက် သင့်လျော်သော အစီအစဉ်ဖြင့် သင်ကြားပေးသည့် အစီအစဉ်များတွင် ကူညီဆောင်ရွက်ခြင်း၊

( ဈ ) အထူးကာကွယ်စောင့်ရှောက်ရန် လိုအပ်သောအရေးပေါ်အခြေအနေတွင်ရှိသည့် ကလေး၊ လူငယ်များအား အထူးပညာရေးဝန်ဆောင်မှု ဖန်တီးပေးပြီး အခြေခံပညာကျောင်းများသို့ ဆက်လက်သင်ယူခွင့်ရရှိရေး သက်ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ည) အသက်မွေးပညာရေး အမျိုးအစားအလိုက် သင်ရိုးညွှန်းတမ်းစံများ၊ အရည်အသွေးစံ၊ အကဲဖြတ်မှု အညွှန်းမူဘောင်၊ သင်ယူပြီးမြောက်ခြင်းဆိုင်ရာ စစ်ဆေးမှုအညွှန်းမူဘောင်များနှင့် အသိအမှတ်ပြု အောင်လက်မှတ်စနစ်တို့ကို အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဋ) အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများပေးခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းများနှင့် လုပ်ငန်းခွင်များ ချိတ်ဆက်ပေးရာတွင် ကူညီဆောင်ရွက်ခြင်း၊

(ဌ) အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်သည့် NGOs, INGOs နှင့်ချိတ်ဆက်၍ ကလေးအလုပ်သမားအဖြစ်မှ ဖယ်ရှားခံရသည့် ကလေးနှင့် ၎င်း၏မိသားစု အလုပ်အကိုင်အခွင့်အလမ်း အတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊

(ဍ) ပညာရေးအစီအစဉ် တစ်ခုခုမှ ပေးအပ်သော အသိအမှတ်ပြုလက်မှတ်သည် လုပ်ငန်းခွင်ဝင်ရောက် နိုင်ရေးအတွက် အာမခံချက်ရှိအောင် ဆောင်ရွက်ခြင်း၊

(ဎ) ဆရာ၊ ဆရာမများအား သက်မွေးပညာသင်တန်းများနှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဏ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ကို လုပ်ငန်းအခြေအနေနှင့် လျော်ညီမှုရှိစေရန် အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ခြင်း၊

(တ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် သတ်မှတ်ထားသည့် အချိန်ကာလအလိုက် အစီရင်ခံစာကို မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသား ကော်မတီသို့ တင်ပြခြင်း၊

(ထ) မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဒ) စီမံကိန်းနယ်ပယ်အလိုက် ဦးစားပေးလုပ်ငန်းအစီအစဉ်များချမှတ်၍ ပညာရေးနှင့် ပတ်သက်သော လိုအပ်မည့်သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊

(ဓ) ကလေး၊ လူငယ်များအား အခြေခံပညာတတ်မြောက်စေရန်အတွက် အခမဲ့ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ခြင်း။

၃။ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၂၂) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက် လိုက်သည်။

မြင့်ကြိုင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် – ၅

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဦးဟိန်းကိုကိုအောင်<br>၁၂/လကန (နိုင်) ၂၃၈၆၇၃<br>အမှတ် (၁၃၅)၊ ရွှေဟသာလမ်း၊<br>ဘင်လိုင်ရပ်ကွက်၊ သထုံမြို့၊<br>မွန်ပြည်နယ်။ | နှင့် | အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးအောင်ကိုသန်း၊<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(ဌာနဆိုင်ရာကိုယ်စားလှယ်)၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက် |

**စီရင်ချက်**

အမှုမှာ ၁၅–၆–၂၀၂၁ ရက်နေ့၊ ၁၀း၄၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ရန်ကုန်–မန္တလေးအမှတ် (၁) လမ်း၊ ဒိုက်ဦးမြို့အနီး၊ မိုင်တိုင်အမှတ် (၆၉/၂) ၌ သတင်းအရ ယာဉ်အမှတ် 5N/6954 (22W) (SCANIAR480 TRACTOR HEAD) with Trailer ၊ ခန့်မှန်းတန်ဖိုး ကျပ် ၉၅,၀၀၀,၀၀၀ (ကျပ်သိန်းကိုးရာ့ငါးဆယ်တိတိ) အား တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ M–150 Energy Drink များ၊ ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် SPY Wine များ၊ ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသော SINGHA Beer နှင့် HEINEKEN Beer များကို စစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်အရေးယူခဲ့ပြီး ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည့် SPY Wine များ၊ ပြည်ပမှတင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသော SINGHA Beer နှင့် HEINEKEN Beer များသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမိန့်ထုတ်ပြန်ခဲ့ပြီး ယင်းကုန်ပစ္စည်းများတင်ဆောင်လာသည့် ယာဉ်အမှတ် 5N/6954 (22W) အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ခြင်းအပေါ် မကျေနပ်သဖြင့် လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း မှ အခွန်အယူခံခုံအဖွဲ့သို့ အယူခံမှုတင်သွင်းလျှောက်ထားလာသောအမှုဖြစ်ပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏လျှောက်လဲတင်ပြချက်များကို လက်ခံကြားနာခဲ့ရာတွင် လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်ထားသူသည် အခင်းဖြစ်ယာဉ်ကို သုဝဏ္ဏဝတီမြို့နေ ဦးမောင်ဝင်းထံမှ ကျပ်သိန်း ၃၅၀ ဖြင့် ၂၆-၉-၂၀၁၈ ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ လျှောက်ထားသူ၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်အား ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန (ရွာသာကြီး) တွင် ယာဉ်စစ်ဆေးရန်ပေးအပ်ထားခဲ့ရသည့်အတွက် Owner Book မိတ္တူကို ရုံးတော်သို့ တင်ပြနိုင်ခြင်းမရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်တွင် ပိုင်ရှင်ဖြစ်သူ ဦးဟိန်းကို ဟု ဖော်ပြထားရာ မူလအမည်အရင်းမှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားလက်မှတ်အရ ဦးဟိန်းကိုကိုအောင် ဖြစ်ပါကြောင်း၊ လျှောက်ထားသူသည် Covid-19 Pandemic ကာလအတွင်း လုပ်ငန်းရပ်ဆိုင်းထားခဲ့ရာမှ အခင်းဖြစ် ၁၅-၆-၂၀၂၁ ရက်နေ့တွင် လုပ်ဖော်ကိုင်ဖက်တစ်ဦးက အလုပ်အပ်နှံသဖြင့် ဒိုက်ဦးမြို့မှ ရန်ကုန်မြို့သို့ အဆိုပါ Spy Wine များ၊ M-150 Energy Drink များ၊ Singha Beer များနှင့် Heineken Beer များကို သယ်ပို့ခကျပ် ၇ သိန်းဖြင့် လက်ခံပြီး သယ်ဆောင်ခဲ့ရာ ရန်ကုန်-မန္တလေးအမှတ် (၁) လမ်း၊ ဒိုက်ဦးမြို့အနီး မိုင်တိုင်အမှတ် (၆၉/၂) ၌ အကောက်ခွန်အဖွဲ့က စစ်ဆေးပြီး အထောက်အထားမတင်ပြနိုင်၍ ကုန်စည်နှင့် ကားကို အကောက်ခွန်ဥပဒေများအရ အရေးယူခြင်းခံခဲ့ရပါကြောင်း၊ လျှောက်ထားသူ မော်တော်ယာဉ်နှင့် သယ်ဆောင်ခဲ့သောအခင်းဖြစ်ပစ္စည်းများမှာ အမြို့မြို့အနယ်နယ်၌ အလွယ်တကူဝယ်ယူရရှိနိုင်သောပစ္စည်းများဖြစ်၍ ပြည်တွင်းသို့တရားဝင်ရောက်ရှိပြီးဖြစ်သည်ဟု ယုံကြည်၍ လက်ခံပို့ဆောင်ပေးရန် သဘောတူခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ယာဉ်ကို ရွေးယူဒဏ်ကြေးပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုပါရန် လျှောက်ထားခဲ့သော်လည်း မအောင်မြင်ခဲ့ပါကြောင်း၊ သိမ်းဆည်းမိန့်စာပိုဒ် ၃ တွင် "ကန့်သတ်ကုန်ပစ္စည်းများ ဖြစ်သည့် Spy Wine များ၊ ပြည်ပမှတင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသော SINGHA Beer နှင့် HEINEKEN Beer များသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၅ (၃) တို့ကို ဖောက်ဖျက်ကျူးလွန်ကြောင်း" စွပ်စွဲထားပါကြောင်း၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၅ (၃) တို့ဖြင့် အရေးယူခြင်းသည် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဒေသဝင်ပေါက်များမှ တရားမဝင်ခိုးသွင်းသည့်အချိန်၌ ဖမ်းဆီးရမိမှုအပေါ် အရေးယူသည့်ပုဒ်မများ ဖြစ်ပါကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန (ပြည်ထောင်စုဝန်ကြီးရုံး) ၏ အမိန့်ကြော်ငြာစာ အမှတ် (၆၄/၂၀၂၀) ၏ စာပိုဒ် ၂ (က) တွင် "တင်သွင်းခြင်း" ဆိုသောစကားရပ်ကို "ကုန်ပစ္စည်းတစ်မျိုးမျိုးကို ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်းကို ဆိုသည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ ပြည်တွင်းသို့ ရောက်ရှိနှင့်ပြီးသော ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အရ အရေးယူခြင်းထက် ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရလည်းကောင်း၊ အထူးကုန်စည်ခွန်ဥပဒေအရလည်းကောင်း အရေးယူခြင်းက ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာ၏ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းသည့် အမိန့်၏ စာပိုဒ်များတွင် "ပြည်ပမှတင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသော ကုန်ပစ္စည်းများ" ဟုဖော်ပြထား ပါကြောင်း၊ အမှန်အားဖြင့် အခင်းဖြစ်ဘီယာများသည် တားမြစ်ပိတ်ပင်ထားသောပစ္စည်းများမဟုတ်ဘဲ ကန့်သတ်ပစ္စည်းများသာဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်၊ အမိန့်ကြော်ငြာစာများအရ ပြည်ပမှ တင်သွင်းခွင့်မပြုသော ကုန်ပစ္စည်း (၅) မျိုးဖြစ်သည့် ဝိုင်၊ အရက်၊

ဘီယာ၊ စီးကရက်နှင့် တည်ဆဲဥပဒေအရ ကန့်သတ်ထားသောပစ္စည်းများတွင် (ဝိုင်) ကို အမိန့်မှပယ်ဖျက်၍ ပထမဆုံးအကြိမ်တင်သွင်းခွင့်ပြုခဲ့ခြင်း၊ (အရက်) ကို အမိန့်မှပယ်ဖျက်၍ ဒုတိယအကြိမ်တင်သွင်းခွင့်ပြုခဲ့ခြင်းတို့ကို ကြည့်ခြင်းအားဖြင့် အဆိုပါကုန်ပစ္စည်း (၅) မျိုးသည် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည်မှာ ထင်ရှားပါကြောင်း၊ ယင်းအမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၃) ၏ စာပိုဒ် ၂ (ဃ) တွင် "တည်ဆဲဥပဒေအရ ကန့်သတ်ထားသောပစ္စည်းများ" ဟူ၍ အတိအလင်းဖော်ပြထားသည်ကို ကြည့်ခြင်းအားဖြင့် အရက်၊ ဘီယာ၊ စီးကရက်များသည် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သည်မှာ ထင်ရှားနေပါကြောင်း၊ စာပိုဒ် ၃ တွင်လည်း "ပြည်ပမှ တင်သွင်းခွင့်မပြုသောကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်လိုအပ်ချက်များအပေါ် မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်" ဟူ၍ ဖော်ပြပါရှိပါကြောင်း၊ အဆိုပါကုန်ပစ္စည်း (၅) မျိုးသည် ကန့်သတ်ကုန်ပစ္စည်းများဖြစ်ကြောင်း၊ မြင်သာသောသက်သေခံချက် (Prima Facie) တစ်ခုမှာ နိုင်ငံတော်က နှစ်စဉ်ထုတ်ပြန်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင်ပါရှိသော အထူးကုန်စည်ခွန်ခေါင်းစဉ်အောက်၌ ပြည်ပမှ တင်သွင်းသော အရက်၊ ဝိုင်၊ ဘီယာ၊ စီးကရက်များအပေါ် အထူးကုန်စည်ခွန်ကောက်ခံရန် ပြဋ္ဌာန်းချက်ပါရှိခြင်းပင် ဖြစ်ပါကြောင်း၊ ပြည်ပမှ တင်သွင်းခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသောကုန်စည်ဖြစ်ပါက ထိုသို့ဥပဒေတွင် ပြဋ္ဌာန်းလေ့မရှိပါကြောင်း၊ ဤအမှုမှ ဘီယာများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) အရ တင်သွင်းခြင်းမပြုရန် သတ်မှတ်ထားသော ကုန်ပစ္စည်းဖြစ်၍ အထက်ပါ ကန့်သတ်ကုန်ပစ္စည်းဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ပါကြောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) ၏ စာပိုဒ် ၃ (ဂ) တွင် သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းသည် ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်လျှင် တန်ဖိုးမည်မျှပင်ဖြစ်စေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သော်လည်း ပိုင်ရှင်ဖြစ်သူမှ ရွေးယူဒဏ်ငွေဖြင့် ရွေးယူလိုကြောင်း လျှောက်ထားလာပါက အောက်ပါအတိုင်းရွေးယူဒဏ်ငွေ တပ်ရိုက်၍ ရွေးယူခွင့်ပြုနိုင်ကြောင်း၊ (၁) သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏တန်ဖိုးအတိုင်း သို့မဟုတ် တန်ဖိုးထက်ကျော်လွန်ပါက ယာဉ် သို့မဟုတ် တိရစ္ဆာန်တန်ဖိုး၏ တစ်ဆ၊ (၂) သိမ်းဆည်းရမိသည့် ကုန်ပစ္စည်း၏ စည်းကြပ်တန်ဖိုးသည် တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ သတ်မှတ်ထားသော ယာဉ် သို့မဟုတ် တိရစ္ဆာန်၏ တန်ဖိုးထက်လျော့နည်းပါက သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းစည်းကြပ်တန်ဖိုး၏ တစ်ဆဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဌာနမှသတ်မှတ်သည့် မော်တော်ယာဉ်တန်ဖိုးမှာ ကျပ်သိန်း ၉၅၀ ဖြစ်ပြီး ဝယ်ယူစဉ်က တန်ဖိုးကျပ်သိန်း ၃၅၀ ထက်ပိုနေပါကြောင်း၊ သို့ဖြစ်ပါ၍ ဌာနမှ သတ်မှတ်သည့်တန်ဖိုးသည် များပြားနေသည့်အပြင် အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အရ စည်းကြပ်တန်ဖိုးလည်းမဟုတ်သည်ကို တင်ပြအပ်ပါကြောင်း၊ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်ထားချက်တွင် ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း (၂) တွင် တရားစီရင်ရေးဆိုင်ရာမူများကို ပြဋ္ဌာန်းထားရာ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၌ "ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသော အလေ့အကျင့်ကို ပျိုးထောင်ပေးရေး"၊ ပုဒ်မခွဲ (ဆ) တွင် "ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး" ဟူသော မူနှစ်ရပ်လည်းပါရှိပါကြောင်း၊ အလားတူ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၈) တွင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်

တာဝန်များ” ကို ပြဋ္ဌာန်းထားရာ ပုဒ်မ ၃၅၆ တွင် “နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ယခင်က ဘီယာသယ်ဆောင်မှုကြောင့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခံခဲ့ရသည့် ကားများကို ရွေးယူ ဒဏ်ကြေးဖြင့် ဤရုံးတော်ကပင် ပြန်ပေးခဲ့သည့်သာဓကများရှိခဲ့ပါကြောင်း၊ ယခင်ခုံအဖွဲ့က ရွေးဒဏ်ဖြင့် ပေးခဲ့သည့်အစဉ်အလာကို တစ်သဘောတည်းကောက်ယူ၍ ပြန်ပေးသင့်ကြောင်းကို တင်ပြခြင်းသာဖြစ်ပါကြောင်း၊ သို့မှသာ အခွန်အယူခံခုံအဖွဲ့၏ “ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ” ဟူသောဆောင်ပုဒ်နှင့် လိုက်လျောညီထွေဖြစ်မည်ဟု ယူဆပါကြောင်း၊ လျှောက်ထားသူသည် ပြည်တွင်းသို့ ရောက်ရှိနေသည့် အဆိုပါဘီယာများကို သဘောရိုးဖြင့်သယ်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ ပထမဆုံးအကြိမ် ကျူးလွန်မိခြင်းဖြစ်ပါ၍ ရုံးတော်ကသက်ညှာစွာကုစားပေးနိုင်ပါရန် ရိုသေစွာတင်ပြအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ညွှန်ကြားရေးမှူး (စစရ) ၏ ၂၄-၁၁-၂၀၂၁ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁-ထလ/၂၀၂၁ (၀၀၂-ဂ) ဖြင့် အခင်းဖြစ်မော်တော်ယာဉ် အမှတ်- 5N/6954 အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ကို ရုံးတော်ကပယ်ဖျက်၍ သတ်မှတ်ဒဏ်ကြေးငွေဖြင့် ပြန်လည်ရွေးယူခွင့်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် တင်ပြထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးအောင်ကိုသန်း (လက်ထောက် ညွှန်ကြားရေးမှူး) မှ ချေပလျှောက်လဲရာ၌ အကောက်ခွန်ဦးစီးဌာနသည် အခြားတည်ဆဲဥပဒေများနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသောအမိန့်ကြော်ငြာစာများ၊ညွှန်ကြားချက်များကိုလည်းအရေးယူအကောင်အထည်ဖော် ဆောင်ရွက်ရသော ဦးစီးဌာနတစ်ခုဖြစ်ပါကြောင်း၊ ပြည်ပမှတင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်းများနှင့် ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၈/၂၀၂၀) ဖြင့် ဘီယာ၊ စီးကရက်၊ တည်ဆဲဥပဒေအရ ကန့်သတ်၊ တားမြစ်ထားသည့် ကုန်ပစ္စည်း များအား ပြည်ပမှ တင်သွင်းခွင့်မပြုသောကုန်ပစ္စည်းများအဖြစ် ထုတ်ပြန်ပြဋ္ဌာန်းထားခဲ့ပါကြောင်း၊ ပြည်ပမှ တင်သွင်းခွင့်မပြုဘဲ တားမြစ်ထားသည့်ကုန်ပစ္စည်းများဖြစ်သော SINGER BEER နှင့် Heineken BEER များအား တရားမဝင်တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရ ပြစ်မှုနှင့် သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည့်အပြင် ယင်းကုန်ပစ္စည်းများရွှေ့ပြောင်းသယ်ဆောင်ရာတွင် အသုံးပြုသည့်မော်တော်ယာဉ်ကိုလည်း ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ ပြည်ပမှ တရားဝင်တင်သွင်းခွင့်နှင့်ပတ်သက်၍လည်း ပြည်ပမှ ဝိုင်များတင်သွင်းရာတွင် လိုက်နာရမည့် စည်းမျဉ်းကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်းများအား စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) နှင့်အညီသာ တင်သွင်းရမည် ဖြစ်ပါကြောင်း၊ အဆိုပါဝိုင်တင်သွင်းခွင့် လုပ်ထုံးလုပ်နည်း၏အပိုဒ် ၈၊ အပိုဒ်ခွဲ (ဆ) တွင် ဝိုင်တင်သွင်းခွင့် လျှောက်ထားသူများသည် ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဟူသော အမိန့် ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) အား ၁၇-၃-၂၀၁၅ ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများသည် အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို ကျော်လွန်ဖောက်ဖျက်၍ တင်သွင်း လာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်၍ တင်ဆောင်လာခြင်းဖြစ်သည်မှာ မြင်သာသောအချက်ပင် ဖြစ်ပါကြောင်း၊ အဆိုပါအခင်းဖြစ်ယာဉ်ပေါ်တွင် တင်သွင်းသယ်ဆောင်လာသော ကုန်ပစ္စည်းများမှာ ပြည်ပမှ တင်သွင်းခွင့်မပြုသော တားမြစ်ထားသည့်

SINGER BEER (The Original Thai Beer) နှင့် Heineken Beer များ (ခန့်မှန်းတန်ဖိုးကျပ် ၃၄,၉၂၀,၀၀၀ တိတိ) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှ ထုတ်လုပ်ခြင်းမဟုတ်ဘဲ ပြည်ပတွင်ထုတ်လုပ်ထားသော M–150 Energy Drink များ၊ SPY Wine များ (ခန့်မှန်းတန်ဖိုးကျပ် ၁၅,၁၂၀,၀၀၀) တို့၏တန်ဖိုးမှာ စီးပွားဖြစ်ရောင်းချရန်အလို့ငှာ အဆမတန်တန်ဖိုးကြီးမားသောပမာဏများစွာကို တင်သွင်းသယ်ဆောင်လာခြင်းဖြစ်ပါကြောင်း ရုံးတော်သို့ တင်ပြအပ်ပါကြောင်း၊ ပြည်ပမှ တင်သွင်းခွင့်မပြုရန် တားမြစ်ထားသောတရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်အား အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် (၆၄/၂၀၂၀) အပိုဒ် ၃ အပိုဒ်ခွဲ (က) ပါ သတ်မှတ်ချက်နှင့် ငြိစွန်းအကျုံးဝင်သဖြင့် အဆိုပါမော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်သာဖြစ်ပါကြောင်း၊ အခင်းဖြစ် ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် SCANIAR 480 TRACTOR HEAD with Trailer အမျိုးအစား၊ ယာဉ်အမှတ် 5N/6954 မော်တော်ယာဉ်အား တန်ဖိုးသတ်မှတ်ရာတွင် တန်ဖိုးကျပ် ၉၅,၀၀၀,၀၀၀ (ကျပ်သိန်းကိုးရာ့ငါးဆယ်တိတိ) ဟု သတ်မှတ်ထားခြင်းသည် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားသော တန်ဖိုးသတ်မှတ်ချက်များသာ ဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား ခွင့်ပြုချက်အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ သယ်ဆောင်လာခြင်းနှင့် စပ်လျဉ်း၍ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တွင် “ကုန်းလမ်းအကောက်ခွန်အရာရှိတစ်ဦးဦးသည် ကုန်စည်ကို ပြည်ပနယ်မြေမှ ကုန်းလမ်းမှတင်သွင်းကြောင်း ယုံကြည်ရန်အကြောင်းရှိပါက ထိုအရာရှိသည် တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးကို ယင်းကုန်စည်အတွက် ခွင့်ပြုချက်ပါမစ်အား တင်ပြရန် တောင်းဆို၍ ခွင့်ပြုချက်ပါမစ်တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်ပေးဆောင်ရမည့်ကုန်စည်ကို ထိန်းသိမ်းထားရမည့်အပြင် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်” ဟု ပြဋ္ဌာန်းထားပြီး ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တွင် မည်သူမဆို ပုဒ်မ ၅ တွင် ရည်ညွှန်းသည့်ခွင့်ပြုချက်ပါမစ်လိုအပ်သည့် လုပ်ငန်းတစ်ရပ်ရပ်တွင် ယင်းခွင့်ပြုချက်ပါမစ်မရှိဘဲ ကုန်းလမ်းအကောက်ခွန်စခန်းတစ်ခုခုမှတစ်ဆင့် ပြည်ပနယ်မြေမှ ကုန်စည်ကို ကုန်းလမ်းမှဖြတ်သန်း သယ်ဆောင်လျှင် သို့မဟုတ် ဖြတ်သန်းသယ်ဆောင်ရန်အားထုတ်လျှင် ကုန်စည်ကို ထိုသို့ဖြတ်သန်း သယ်ဆောင်ရာတွင်ဖြစ်စေ၊ ကူညီလျှင် သို့မဟုတ် ကုန်စည်ကို ဖြတ်သန်းသယ်ဆောင်ပြီးဖြစ်ကြောင်း သို့မဟုတ် ပို့ဆောင်ပြီးဖြစ်ကြောင်း သိလျက်နှင့် ယင်းကုန်စည်ကို ထိန်းသိမ်းထားလျှင် သို့မဟုတ် သိုဝှက်ထားလျှင် သို့မဟုတ် ကုန်စည်ကို ထိန်းသိမ်းထားရန် သို့မဟုတ် သိုဝှက်ထားရန်အလို့ငှာ ခွင့်ပြုလျှင် သို့မဟုတ် ရယူလျှင် ကုန်စည်၏ တန်ဖိုးသုံးဆထက်မပိုသောငွေဒဏ်ကို ချမှတ်ခံထိုက်စေနိုင်သည့်အပြင် ကျူးလွန်ခဲ့သောပြစ်မှုနှင့်စပ်လျဉ်းသည့်ကုန်စည်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အခင်းဖြစ်မော်တော်ယာဉ်ပေါ်တွင် တင်သွင်းသယ်ဆောင်လာခဲ့သော အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍လည်း အယူခံလျှောက်ထားသူ ဦးဟိန်းကိုကိုအောင် ၏ အကောက်ခွန်အရာရှိ ရှေ့မှောက်ထွက်ဆိုချက်တွင် “ယာဉ်ပေါ်ပါပစ္စည်းများကို အသေးစိတ်စစ်ဆေးရာတွင် တင်သွင်းခွင့်အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်ပေးဆောင်ထားခြင်းမရှိသော ကန့်သတ်ပိတ်ပင်တားမြစ်ထားသည့် အချိုရည်များကို စစ်ဆေးတွေ့ရှိခဲ့ပါသဖြင့် ယင်းပစ္စည်းများကို တင်ဆောင်သော မော်တော်ယာဉ်အား အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သိရှိရပါသည်” ဟု ထွက်ဆိုထားပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ တွင် “ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုက အခါအားလျော်စွာ အစိုးရပြန်တမ်းတွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းသို့

မည်သည့်သယ်ယူပို့ဆောင်ခြင်းနည်းဖြင့်မဆို တင်သွင်းခြင်းမပြုရန် သတ်မှတ်ထားသောကုန်ပစ္စည်းများကို ကန့်သတ်ချုပ်ချယ်နိုင်သည် သို့မဟုတ် တားမြစ်ပိတ်ပင်နိုင်သည်။ ယင်းသို့ ကန့်သတ်ချုပ်ချယ်တားမြစ်ပိတ်ပင်ထားသော မည်သည့်တရားမဝင်ကုန်ပစ္စည်းကိုမဆို တင်သွင်းခြင်းပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူနိုင်သည်" ဟုလည်းကောင်း၊ ပုဒ်မ ၁၆၈ တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထိုက်သော ကုန်ပစ္စည်းများကိုရွှေ့ပြောင်းသယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်ပါ၍ အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာခဲ့သော အခင်းဖြစ် SINGER BEER (The Original Thai Beer) နှင့် Heineken Beer များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) ဖြင့် ပြည်ပမှ မည်သည့်သယ်ယူပို့ဆောင်ခြင်းနည်းလမ်းဖြင့်မဆိုတင်သွင်းခြင်းမပြုရန်တားမြစ်ထားသောပစ္စည်းများဖြစ်ခြင်း၊ ပြည်ပနိုင်ငံထုတ် M–150 Energy Drink ကုန်ပစ္စည်းများသည် သက်ဆိုင်ရာဌာနမှ အများပြည်သူစားသုံးရန် သင့်တော်ကြောင်း ထောက်ခံချက် လိုအပ်သည့် ပစ္စည်းများဖြစ်သည့်အပြင် တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထားများ တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်နေခြင်း၊ SPY Wine များအား တင်သွင်းခွင့် စည်းကမ်းများနှင့်အညီသာ တင်သွင်းရမည်ဖြစ်သော်လည်း ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာပါတင်သွင်းခွင့်လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်အား ကျော်လွန်ဆန့်ကျင် ချိုးဖောက်ခြင်း၊ အခင်းဖြစ်မော်တော်ယာဉ်သည် အခင်းဖြစ်ပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ် ဖြစ်နေသည်မှာ အငြင်းပွားဖွယ်မရှိ ပေါ်ပေါက်နေခြင်း၊ အခင်းဖြစ်မော်တော်ယာဉ်ဖြင့် အခင်းဖြစ်ကုန်ပစ္စည်းများအား တင်သွင်းသယ်ဆောင်လာခြင်းသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် (၆၄/၂၀၂၀) ပါ ညွှန်ကြားချက်ကို ဖောက်ဖျက်ကျူးလွန်ခဲ့ခြင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအခန်း (၄) အရ စည်းမျဉ်းကန့်သတ်ထားဆဲဖြစ်သည့် ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်ပြီး တင်သွင်းလာခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားနေသဖြင့် အခင်းဖြစ်ပစ္စည်းများသယ်ဆောင်ရာတွင်အသုံးပြုသော မော်တော်ယာဉ်အား အကောက်ခွန်ဦးစီးဌာနမှ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး၏ အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို "ပလပ်" ပေးပါရန်တင်ပြထားပါသည်။

လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်ထားခံရသူ၏ ချေပချက်အရ ခုံအဖွဲ့ခေါင်းဆောင်က အမှုဖြစ်စဉ်အကြောင်းအရာကို ဖတ်ကြားခဲ့ပြီးဖြစ်သဖြင့် အယူခံအကြောင်းပြချက်များကို တင်ပြလျှောက်လဲသွားမည်ဖြစ်ပါကြောင်း၊ ဘီယာများသည် မြို့ကြီးပြကြီးများတွင် တရားဝင်ရောင်းချနေသည်ကို လူကြီးမင်းများ သွားရင်းလာရင်းဖြင့် တွေ့ရှိမည်ဖြစ်ပါကြောင်း၊ ရုံးတော်သို့ တင်ပြလိုသည်မှာ ယခုရန်ကုန်မှ နေပြည်တော်သို့လာရာလမ်းရှိ မင်္ဂလာစားသောက်ဆိုင် (ကျန်းမာရေးစစ်ဆေးသောဂိတ်အနီး) တွင် Chang Beer များကို တရားဝင်ရောင်းချနေသည်ကို တွေ့ရှိရပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) ကိုထုတ်ပြန်၍ တားမြစ်ထားသည်ဆိုပါက အခင်းဖြစ် Beer များကို အဘယ်ကြောင့် တရားဝင်ခင်းကျင်းရောင်းချနေသလဲဆိုသောအချက်မှာ

စဉ်းစားစရာ ဖြစ်နေပါကြောင်း၊ ယာဉ်မောင်းအနေဖြင့် ကုန်တင်ခရမည်ဆိုလျှင် တင်မည်ဖြစ်ကြောင်း၊ အချိန်မရွေးဝယ်ယူ၍ ရသည့်ဆိုင်ကြီးများတွင်သာမက စတိုးဆိုင်များတွင်လည်း ဝယ်ယူ၍ရနေသည့်အတွက် ကားသမားများအနေဖြင့် အခင်းဖြစ် Beer များသည် နိုင်ငံတော်က တရားဝင်ခွင့်ပြုထားသည်ဟု ယူဆပြီး သယ်ဆောင်ခြင်းဖြစ်ပါကြောင်း၊ Common Sense အရယူဆပြီး သယ်ဆောင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအရ ဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးဖြစ်နိုင်မည့်ပစ္စည်းများမဟုတ်ပါကြောင်း၊ ဘီယာများအား မတင်သွင်းရပါက တားမြစ်ပိတ်ပင်လိုက်သည်ဟု ထုတ်ပြန်ရမည်ဖြစ်ပါကြောင်း၊ အဘယ်ကြောင့် “ကန့်သတ်” ဆိုသည့်စကားရပ်ကို ထည့်သွင်းထားရသလဲဆိုသည်မှာ စဉ်းစားစရာဖြစ်နေပါကြောင်း၊ အရက်၊ ဝိုင်တို့ကို ကင်းလွတ်ခွင့်ပြုရခြင်းမှာ နိုင်ငံခြားခရီးသွားများရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ သို့သော် စီးကရက်နှင့် ဘီယာကျန်ရှိနေပါကြောင်း၊ နိုင်ငံခြားထုတ်စီးကရက်များကို Super Market နှင့် Duty Free Shop ဆိုင်များတွင် တင်ရောင်းနေပါကြောင်း၊ တင်ရောင်းခြင်းမှာ ၎င်းတို့တွင်လည်း တရားဝင်ခွင့်ပြုချက်ရရှိ၍သာ တင်ရောင်းခြင်းဖြစ်ပါကြောင်း၊ ကန့်သတ်တားမြစ်ခြင်းစကားလုံးသည် နိုင်ငံတော်က နိုင်ငံခြားသားများအတွက် ရည်ရွယ်၍ Entertainment အနေဖြင့် သောက်သုံး၍ရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားသားများအား Entertainment အနေဖြင့် ခွင့်ပြုပြီး အများပြည်သူများအပေါ် Beer တင်သွင်းခြင်းကို တားမြစ်ထားပါကြောင်း၊ ထို့ကြောင့် ကန့်သတ်ပိတ်ပင်သည့်စကားလုံးသည် ထိုရည်ရွယ်ချက်ဖြင့် ဖော်ပြထားခြင်းဖြစ်ပါကြောင်း၊ ကန့်သတ်ပိတ်ပင်ဆိုသောစကားလုံးကို လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့က ၎င်းတို့လိုရာစွဲသုံးမည် ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) အရ ဘီယာနှင့် စီးကရက်တို့အား တင်သွင်းခွင့်မပြုပါကြောင်း၊ ထိုပစ္စည်းများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်းသည်မှန်ကန်ပါကြောင်း၊ ကားကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ထိုအမိန့်၌ မပါရှိပါကြောင်း၊ အခွန်ဘဏ္ဍာရာဖွေပေးနေသော အကောက်ခွန်ဦးစီးဌာနမှ ကားကို သိမ်းဆည်းပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပစ္စည်းများနှင့်ပတ်သက်ပြီး တစ်ဖက်ကို “ကန့်သတ်” တစ်ဖက်ကို “တားမြစ်” ဆိုသည့် ကြားကာလတွင် ကားကိုရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုပါဟု တင်ပြခြင်းဖြစ်ပါကြောင်း၊ ပစ္စည်းကို သိမ်းဆည်းခြင်းသည် မှန်သော်လည်း ကားကိုသိမ်းဆည်းခြင်းသည်မှားပါကြောင်း၊ အခင်းဖြစ်ကားသည် တရားဝင်မှတ်ပုံတင်ထားသောကားဖြစ်ပါကြောင်း၊ ကားသမားအနေဖြင့် ဘီးလိမ့်မှ ပိုက်ဆံဝင်မည်ဖြစ်ပါကြောင်း၊ ယခုဘီးမလိမ့်နိုင်၍ မိသားစုစားဝတ်နေရေး အခက်အခဲရှိပါကြောင်း၊ Covid ကာလတွင် ပိုဆိုးပါကြောင်း၊ ကားကို လေလံတင်ရောင်းချပါက ၆ လ ၁ နှစ် နီးပါးကြာမည်ဖြစ်ပါကြောင်း၊ အခင်းဖြစ်ကားသည် Brand New Condition မရှိပါက Battery, Engine ကအစ ပျက်စီးပါကြောင်း၊ သိမ်းဆည်းမိန့်တွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ကို ဖောက်ဖျက်ကျူးလွန်သည်ဟု ဆိုထားပါကြောင်း၊ ပစ္စည်းတင်ဆောင်သောနေရာသည် ဒိုက်ဦးမှ တင်ဆောင်ခြင်းဖြစ်သောကြောင့် ဒိုက်ဦးဆိုသောနေရာသည် နယ်စပ်ဒေသမဟုတ်ပါကြောင်း၊ ပြည်တွင်းရှိ နေရာတစ်နေရာဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) ၏ရည်ရွယ်ချက်သည် နိုင်ငံတကာနယ်စပ်၊ လေဆိပ်၊ ရေဆိပ်၊ တာချီလိတ်၊ မူဆယ်၊ မြဝတီတို့ကဲ့သို့သော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အဝင်အထွက်လုပ်စဉ် ဖမ်းဆီးရမိမှသာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ဖြင့် ဖမ်းဆီးအရေးယူရမည်ဖြစ်ပါကြောင်း၊ စီမံကိန်း၊

ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် ၂ (က) တွင် တင်သွင်းခြင်းဆိုသည်မှာ အခြားနိုင်ငံတစ်ခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်းကိုဆိုသည်ဟု ဖော်ပြထားသဖြင့် ဒိုက်ဦးသည် အခြားနိုင်ငံတစ်ခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်းမဟုတ်ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) တို့ပါ ပြဋ္ဌာန်းချက်များအနက် မည်သည့်ပြဋ္ဌာန်းချက်ကို ကျင့်သုံးရမည်နှင့်စပ်လျဉ်း၍ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (ဆ) တွင် ရှေးဦးကျသောဥပဒေပြဋ္ဌာန်းချက်နှင့်နောက်ကျသောဥပဒေပြဋ္ဌာန်းချက်တို့ဆန့်ကျင်ကွဲလွဲလျှင်နောက်ကျသောဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) သည် ၂၅-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) သည် ၁၅-၆-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃ (ဆ) အရ နောက်ကျသောဥပဒေပြဋ္ဌာန်းချက်မှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) သည် နောက်ကျသော ပြဋ္ဌာန်းချက်ကို မလွှမ်းမိုးပါကြောင်း၊ သို့ဖြစ်၍ ရုံးတော်မှ နောက်ကျသောပြဋ္ဌာန်းချက်ဖြစ်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) ဖြင့်သာ စဉ်းစားသုံးသပ်ပေးပါရန် လျှောက်လဲတင်ပြအပ်ပါကြောင်း၊ ယာဉ်ကို အပြီးအပိုင်သိမ်းဆည်းခြင်းသည် ကြီးလေးသောပြစ်ဒဏ်ဖြစ်ပါကြောင်း၊ Covid ကာလသည် စီးပွားရေးအခက်အခဲ၊ လူမှုရေးအခက်အခဲ ဖြစ်ပေါ်နေချိန်ဖြစ်သဖြင့် အခင်းဖြစ်ကားကို ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုပါရန် လျှောက်ထားသူကိုယ်စား လျှောက်လဲတင်ပြအပ်ပါကြောင်း ထပ်မံတင်ပြလျှောက်ထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ် ဦးအောင်ကိုသန်း (လက်ထောက်ညွှန်ကြားရေးမှူး) က အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသော M-150 Energy Drink များနှင့်စပ်လျဉ်း၍ FDA ထောက်ခံချက်ရရှိမှသာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်ထုတ်ပေးမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ရရှိမှ တင်သွင်းခွင့်ရရှိမည့်အပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၂-၁၀-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့သည့်အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်သွင်းကုန်သတင်းလွှာ (၆/၂၀၂၁) တွင် အချိုရည်မျိုးစုံ၊ Coffee Mix၊ Tea Mix မျိုးစုံ၊ အသင့်ဖျော်ကော်ဖီမှုန့် (instant Coffee)၊ နို့ဆီ၊ နို့စိမ်းတို့အား နယ်စပ်လမ်းကြောင်းမှ တင်သွင်းခြင်းကို ၁-၅-၂၀၂၁ မှစတင်၍ ယာယီတားမြစ်ခွင့် မပြုကြောင်း ၁၂-၄-၂၀၂၁ ရက်နေ့တွင် အသိပေးကြေညာထားပါကြောင်း၊ အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် တင်ဆောင်လာသော Spy Wine များနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၇-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) အရ ပြည်ပမှ ဝိုင်တင်သွင်းခွင့်ပြုခဲ့သော်လည်း ၎င်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဝိုင်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၇) တွင် ဝိုင်တင်သွင်းခွင့်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ထုတ်ပြန်ထားပြီး အပိုဒ်ခွဲ (င) တွင် အစားအသောက်နှင့်

ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ FDA ထောက်ခံချက်လိုအပ်ပါကြောင်း၊ အပိုဒ် ၈ (ဆ) တွင် ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါကြောင်း၊ အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် တင်ဆောင်လာသော Heineken Beer များနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၅-၅-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀) ဖြင့် ဘီယာ၊ စီးကရက်၊ တည်ဆဲဥပဒေအရ ကန့်သတ်တားမြစ်ထားသည့် ကုန်ပစ္စည်းများအား ပြည်ပမှတင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ၎င်းအပြင် ဘီယာများအား မည်သည့်သယ်ယူပို့ဆောင်ခြင်းနည်းဖြင့်မဆို ပြည်တွင်းစားသုံးရန်တင်သွင်းခြင်းကို ခွင့်ပြုထားခြင်းမရှိပါကြောင်း ရုံးတော်သို့ တင်ပြအပ်ပါကြောင်း၊ သို့ဖြစ်ပါသောကြောင့် ဘီယာများသည် ပြည်ပမှ တင်သွင်းခြင်းမပြုရန် တားမြစ်ထားသောပစ္စည်းဖြစ်ကြောင်း ရုံးတော်သို့ တင်ပြအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့်သယ်ဆောင်လာသော M-150 အချိုရည်များသည် FDA ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်ရရှိမှသာ တင်သွင်းခွင့်ရရှိမည့်အပြင် နယ်စပ်ဒေသမှ တင်သွင်းခြင်းကို ယာယီခွင့်မပြုထားသည့် ကုန်ပစ္စည်းဖြစ်သဖြင့် တင်သွင်းခွင့်အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိခြင်း၊ အကောက်ခွန်ပေးဆောင်ထားကြောင်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်မှုမရှိခြင်း၊ Spy Wine များသည် FDA ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်ရရှိမှသာ ပင်လယ်ရေကြောင်းနှင့် လေကြောင်းတို့မှ တင်သွင်းခွင့်ပြုသည့် ကုန်ပစ္စည်းဖြစ်ခြင်း Heineken Beer များသည် မည်သည့်သယ်ယူပို့ဆောင်ခြင်းနည်းဖြင့် မဆို ပြည်ပမှ တင်သွင်းခွင့်မပြုရန် တားမြစ်ထားသည့်ကုန်ပစ္စည်းဖြစ်ခြင်းကြောင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၈ အရ ဖမ်းဆီးခဲ့ပြီး အခင်းဖြစ်ကုန်ပစ္စည်းများသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် အခင်းဖြစ်ပစ္စည်းများအား သယ်ဆောင်ရာတွင် အသုံးပြုသည့် အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် ၃ (က) အရ သိမ်းဆည်းခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း ထပ်မံချေပလျှောက်ထားသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကိုကြားနာပြီးဖြစ်သည့် အပြင် အမှုတွဲပါစာတမ်းအမှတ်အသားများသက်သေခံချက်များကို အသေးစိတ်သေချာစွာ ကြည့်ရှုလေ့လာခဲ့ ပါသည်။ ထိုသို့လေ့လာခဲ့ရာတွင် လျှောက်ထားသူ၏အခင်းဖြစ် မော်တော်ယာဉ်အမှတ် 5N/6954 (22W) (SCANIAR480 TRACTOR HEAD) with Trailer ပေါ်တွင် အကောက်ခွန်မဲ့ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ M-150 Energy Drink များ၊ ကန့်သတ် ကုန်ပစ္စည်းများဖြစ်သည့် SPY Wine များ၊ ပြည်ပမှတင်သွင်းခွင့်မပြုသည့် ပိတ်ပင်တားမြစ်ထားသော SINGHA Beer နှင့် HEINEKEN Beer များကို တင်ဆောင်လာသည်မှာ ဖြစ်စဉ်အကြောင်းခြင်းရာအရ နှစ်ဖက် အငြင်းမပွားပေါ်ပေါက်ကြောင်း တွေ့ရှိရသည်။ အခင်းဖြစ်ပြည်ပနိုင်ငံထုတ် SINGHA Beer နှင့် HEINEKEN Beer များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၃၈/၂၀၂၀) ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ကုန်ပစ္စည်း ဖြစ်ခြင်း၊ Spy Wine များကို ယင်း၏ ၁၇-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) အရ ထုတ်ပြန်ထားသော ပြည်ပမှဝိုင်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၇) တွင် ဝိုင်တင်သွင်းခွင့်အတွက်

သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများကို ထုတ်ပြန်ထားပြီး အပိုဒ်ခွဲ (င) တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လိုအပ်ကြောင်း၊ အပိုဒ် ၈ (ဆ) တွင် ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ တင်သွင်းရမည့်ကုန်ပစ္စည်းဖြစ်ခြင်း၊ M-150 Energy Drink များသည် အဆိုပါဝန်ကြီးဌာန၏ ၂၂-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၀) ဖြင့် FDA ထောက်ခံချက် ရရှိမှသာ သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းရမည်ဖြစ်ခြင်း၊ ၁၂-၄-၂၀၂၁ ရက်စွဲပါ ပို့ကုန်သွင်းကုန် သတင်းလွှာ (၆/၂၀၂၁) ဖြင့် အချိုရည်မျိုးစုံ၊ Coffee Mix ၊ Tea Mix မျိုးစုံ၊ အသင့်ဖျော်ကော်ဖီမှုန့် (instant Coffee)၊ နို့ဆီ၊ နို့စိမ်းတို့ကို နယ်စပ်လမ်းကြောင်းမှတင်သွင်းခြင်းကို ၁-၅-၂၀၂၁ မှစတင်၍ ယာယီအားဖြင့် ခွင့်မပြုကြောင်းနှင့် ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ ပုံမှန်အတိုင်း တင်သွင်းခွင့်ပြုမည်ဟု ပြင်ဆင် အသိပေးကြေညာထားသည်ကို တွေ့ရှိရသည်။ အခင်းဖြစ် SINGHA Beer နှင့် HEINEKEN Beer များကို ရွှေ့ပြောင်းရာတွင် အသုံးပြုသည့် မော်တော်ယာဉ်ကို ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၈ ၌ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်ဟုလည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် ၃ (က) တွင် သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းများဖြစ်လျှင် တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုသည့် ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟုလည်းကောင်း ပြဋ္ဌာန်းချက်တို့အရ သိမ်းဆည်းခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရသည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၏ ညွှန်ကြားချက်အမှတ် (၆၄/၂၀၂၀) စာပိုဒ် ၄ (က) အရ ဖွဲ့စည်းထားသော တန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့က အခင်းဖြစ်မော်တော်ယာဉ် 5N/6954 (22W) (SCANIAR480 TRACTOR HEAD) with Trailer ကို တန်ဖိုးသတ်မှတ်ရာတွင် တန်ဖိုး ကျပ် ၉၅,၀၀၀,၀၀၀ (ကျပ်သိန်း ကိုးရာ့ငါးဆယ်တိတိ) ဟု သတ်မှတ်ထား ခြင်းသည် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်အမှတ် (၆၄/၂၀၂၀) ပါ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားသော တန်ဖိုးသတ်မှတ်ချက်များသာ ဖြစ်သည်ဟု သုံးသပ်ရသည်။ အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် တင်ဆောင်လာသော Spy Wine များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၇-၃-၂၀၁၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) အရ ပြည်ပမှဝိုင်တင်သွင်းခွင့်ပြုခဲ့သော်လည်း ၎င်းဝန်ကြီးဌာနမှ ထုတ်ပြန် ထားသော ဝိုင်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် (၇) တွင် ဝိုင်တင်သွင်းခွင့်အတွက် သွင်းကုန် လိုင်စင်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ထုတ်ပြန်ထားပြီး အပိုဒ်ခွဲ (င) တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ FDA ထောက်ခံချက်လိုအပ်ပါကြောင်း၊ အပိုဒ် ၈ (ဆ) တွင် ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို ချိုးဖောက်ပြီး တရားမဝင်တင်သွင်းလာခြင်းကြောင့် ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ငြိစွန်းသဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၂-၁၀-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမိန့် ကြော်ငြာစာအမှတ် (၆၈/၂၀၂၀) အရ အယူခံလျှောက်ထားသူ၏ မော်တော်ယာဉ်ဖြင့် သယ်ဆောင်လာသော M-150 Energy Drink များသည် FDA ထောက်ခံချက်ရရှိမှသာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ သွင်းကုန်လိုင်စင်ထုတ်ပေးမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ရရှိမှ တင်သွင်းခွင့်ရရှိမည့်အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၂-၄-၂၀၂၁ ရက်စွဲပါ ပို့ကုန်သွင်းကုန်သတင်းလွှာ ၆/၂၀၂၁ ဖြင့်

အချိုရည်မျိုးစုံ၊ Coffee Mix ၊ Tea Mix မျိုးစုံ၊ အသင့်ဖျော်ကော်ဖီမှုန့် (instant Coffee)၊ နို့ဆီ၊ နို့စိမ်းတို့အား နယ်စပ်လမ်းကြောင်းမှတင်သွင်းခြင်းကို ၁-၅-၂၀၂၁ ရက်နေ့မှစတင်၍ ယာယီအားဖြင့်ခွင့်မပြုကြောင်း ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ ၁၅-၆-၂၀၂၁ ရက်နေ့တွင် တရားမဝင်သယ်ဆောင်လာခြင်းဖြစ်သည်ဟု သုံးသပ်ရသည်။ အယူခံလျှောက်ထားသူ ဦးဟိန်းကိုကိုအောင် က အကောက်ခွန်အရာရှိရှေ့မှောက် မှုခင်းဆိုင်ရာထွက်ဆိုချက်တွင် "ကျွန်တော်သည် ယာဉ်အမှတ် 5N/6954 (22W) (SCANIAR480 TRACTOR HEAD) with Trailer ကို လေအိတ်ပြင်ရန်အတွက် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာရာ ၁၄-၆-၂၀၂၁ ရက်နေ့တွင် တောင်ငူမြို့သို့ရောက်ရှိခဲ့ပြီး သူငယ်ချင်းဖြစ်သူ ကိုဝဏ္ဏ က ဒိုက်ဦးမြို့မှ ရန်ကုန်မြို့သို့ အချိုရည် ကုန်တင်ရန်ရှိသည်ဟု ချိတ်ဆက်မှုဖြင့် ဒိုက်ဦးမြို့သို့ မောင်းနှင်လာရာ ၁၄-၆-၂၀၂၁ ရက်နေ့တွင် ရောက်ရှိခဲ့ပါသည်။ ၁၅-၆-၂၀၂၁ ရက်နေ့တွင် ဒိုက်ဦးမြို့မှ ကြိုဆိုပါ၏ ဆိုင်းဘုတ် အနီး၊ ရန်ကုန်-မန္တလေး အမှတ် (၁) လမ်းပေါ်ရှိ မိုင်တိုင် ၆၉ မိုင် ၂ ဖာလုံမှ ခြံဝင်းအတွင်းရှိ Faw ကား (၄)စီးပေါ်မှ အချိုရည်၊ ဝိုင်နှင့် ဘီယာဖာများကို ဆီဖိုးရရှိရန် ဝင်ရောက်တင်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ နေ့လယ်ပိုင်းတွင် ကုန်တင်ပြီး ရန်ကုန်မြို့သို့ ရန်ကုန်-မန္တလေး အမှတ် (၁) လမ်းအတိုင်း မောင်းနှင်လာရာ မိုင်တိုင်အမှတ် ၆၉ မိုင် ၁ ဖာလုံအရောက်တွင် အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင် ခေါင်းဆောင်သော အကောက်ခွန်လှုပ်ရှားစစ်ဆေးရေးအဖွဲ့၏ တားဆီးစစ်ဆေးဖမ်းဆီးခြင်းကို ခံခဲ့ရပါသည်" ဟု ဝန်ခံထွက်ဆိုထားခြင်းသည်လည်း အခင်းဖြစ် ဖြစ်စဉ်နှင့်ပတ်သက်သည့် ခိုင်လုံသော သက်သေခံချက်တစ်ခုဖြစ်ကြောင်း သုံးသပ်ရသည်။ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က သိမ်းဆည်းမိန့်တွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ကို ဖောက်ဖျက်ကျူးလွန်သည်ဟု ဆိုထားပါကြောင်း၊ ပစ္စည်းတင်ဆောင်သောနေရာသည် ဒိုက်ဦးမှ တင်ဆောင်ခြင်းဖြစ်သောကြောင့် ဒိုက်ဦးဆိုသောနေရာသည် နယ်စပ်ဒေသမဟုတ်ပါကြောင်း၊ ပြည်တွင်းရှိ နေရာတစ်နေရာဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့၏ ရည်ရွယ်ချက်သည် နိုင်ငံတကာ နယ်စပ်၊ လေဆိပ်၊ ရေဆိပ်၊ တာချီလိတ်၊ မူဆယ်၊ ရွှေလီတို့ကဲ့သို့သော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အဝင်အထွက်လုပ်စဉ် ဖမ်းဆီးရမိမှသာ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့ဖြင့် ဖမ်းဆီးအရေးယူရမည်ဖြစ်ပါကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် ၂ (က) တွင် တင်သွင်းခြင်းဆိုသည်မှာ အခြားနိုင်ငံတစ်ခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်းကိုဆိုသည်ဟု ဖော်ပြထားသဖြင့် ဒိုက်ဦးသည် အခြားနိုင်ငံတစ်ခုမှ နိုင်ငံတော်အတွင်းသို့ သယ်ဆောင်လာခြင်းမဟုတ်ပါကြောင်း ပြန်ရှင်းလျှောက်လဲချက်နှင့်စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့၏ ဥပဒေပြဋ္ဌာန်းချက်များတွင်လည်း မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် အဝင်အထွက်လုပ်စဉ် ဖမ်းဆီးရမိမှသာ အရေးယူရမည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းလည်းမရှိကြောင်း သုံးသပ်ရသည်။ လျှောက်ထားသူ ဦးဟိန်းကိုကိုအောင် က အကောက်ခွန်အရာရှိရှေ့မှောက် မှုခင်းဆိုင်ရာထွက်ဆိုချက်အရလည်းကောင်း၊ အခင်းဖြစ်ပစ္စည်းများသည် ပြည်ပနိုင်ငံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများဖြစ်သည်ဟု အမှုတွဲပါမှတ်တမ်းဓာတ်ပုံ၊ စာရွက်စာတမ်းအထောက်အထားများအရလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက သတင်းအရ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၁ နှင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်-မန္တလေး အမှတ် (၁) လမ်းပေါ်ရှိ မိုင်တိုင် ၆၉ မိုင် ၁ ဖာလုံတွင်

တားဆီးစစ်ဆေးခဲ့ရာ အခင်းဖြစ်ယာဉ်ပေါ်တွင် တရားမဝင် ကုန်ပစ္စည်းများကို စစ်ဆေးတွေ့ရှိရ၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့နှင့်အညီ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်ရသည်။ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း ၏ လျှောက်ထားချက်တွင် ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အခန်း (၂) တွင် တရားစီရင်ရေးဆိုင်ရာမူများကို ပြဋ္ဌာန်းထားရာ ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၌ "ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသောအလေ့အကျင့်ကို ပျိုးထောင်ပေးရေး"၊ ပုဒ်မခွဲ (ဆ) တွင် "ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး" ဟူသော မူနှစ်ရပ်လည်း ပါရှိပါကြောင်း၊ အလားတူ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) တွင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ" ကိုပြဋ္ဌာန်းထားရာပုဒ်မ ၃၅၆ တွင် "နိုင်ငံတော်သည်နိုင်ငံသားများ၏တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်" ဟု ပြဋ္ဌာန်းထားသည့်အတိုင်း ခံစားခွင့်ပြုထားသော်လည်း ပုဒ်မ ၃၈၄ တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်လည်း တာဝန်ရှိသည်ဟု သုံးသပ်ရသည်။ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က ယခင်ဘီယာသယ်ဆောင်မှုကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခံခဲ့ရသည့် ကားများကို ရွေးယူဒဏ်ကြေးဖြင့် ပြန်ပေးခဲ့သည့်အစဉ်အလာကို တစ်သဘောတည်းကောက်ယူ၍ ပြန်ပေးသင့်ပါကြောင်း၊ သို့မှသာ အခွန်အယူခံခုံအဖွဲ့၏ "ယုံကြည် မျှတ မှန်ကန် အခွန်အယူခံ" ဟူသော ဆောင်ပုဒ်နှင့် လိုက်လျောညီထွေဖြစ်မည်ဟု ယူဆပါသဖြင့် အခင်းဖြစ်မော်တော်ယာဉ်ကို သတ်မှတ်ဒဏ်ကြေးငွေဖြင့် ပြန်လည်ရွေးယူခွင့်ပြုပါရန် လျှောက်ထားတင်ပြချက်အပေါ် ခုံအဖွဲ့က လျှောက်ထားသူ၏ မော်တော်ယာဉ်သည် အခင်းဖြစ်ကုန်ပစ္စည်းများကို တင်ဆောင်ခဲ့သည်မှာ အငြင်းမပွားပေါ်ပေါက်သဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) ၏ စာပိုဒ် ၃ (ဂ) နှင့် အကျုံးဝင်သက်ဆိုင်မှုမရှိကြောင်း၊ သက်ဆိုင်ရာဌာနက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းတို့ကြောင့် ရွေးယူဒဏ်ငွေဖြင့် ရွေးယူခွင့်ပြုရန် လျှောက်ထားချက်အပေါ် ကုစားပေးနိုင်ခြင်းမရှိပါကြောင်း သုံးသပ်ရသည်။

သို့ပါ၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး၏ ၂၄-၁၁-၂၀၂၁ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁-ထလ/၂၀၂၁ (၀၁၂-ဂ) ကို အတည်ပြု၍ ဤအယူခံလွှာကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ဦးကြည် | ဝင်းနိုင် | ရီရီမြင့် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၂ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၆**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| ဒေါ်နွယ်နီအောင်<br>မ-၇၉/၁၇ (က)၊ (၅၆) လမ်း၊ (၃၅/၃၆) ကြား ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | နှင့် | မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊ အကောက်ခွန်ဦးစီးဌာန၊ မန္တလေး တိုင်းဒေသကြီး။ |
| လျှောက်ထားသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးစိုးညွန့်သူ၊ တရားလွှတ်တော်ရှေ့နေ။ |
| လျှောက်ထားခံရသူအတွက် လိုက်ပါဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးအောင်ကိုသန်း<br>လက်ထောက်ညွှန်ကြားရေးမှူး (ဌာနဆိုင်ရာကိုယ်စားလှယ်)၊ အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက် |

**စီရင်ချက်**

အမှုမှာ ၇-၁၁-၂၀၂၀ ရက်နေ့ ည ၁၉:၀၀ နာရီအချိန်ခန့်တွင် မန္တလေးမှ မူဆယ်ဘက်သို့ ယာဉ်မောင်း (ထွက်ပြေးတိမ်းရှောင်) မောင်းနှင်လာသည့် ယာဉ်အမှတ် 3P/9570၊ Nissan Delivery Van အမျိုးအစားယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၊ အတက်ယာဉ်စစ်ဆေးရေးအဖွဲ့က စစ်ဆေးရာ ယာဉ်ပေါ်တွင် ခေါက်ဆွဲခြောက်ထုပ် (30) Pkg၊ ပတ်တီးမှုန့် (50) Pkg တို့နှင့်အတူ ရောနှောသယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်ခွဲခြမ်း၊ ကျောက်တုံးအကြီး/အသေး ဆိုဒ်စုံ 410 Kg စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂,၈၄၀,၀၀၀ (ကျပ် နှစ်ဆယ့်ရှစ်သိန်းလေးသောင်း) ခန့်အား ဖမ်းဆီးရမိခဲ့သဖြင့် ပစ္စည်းများသယ်ဆောင်လာသော ယာဉ် 3P/9570 ခန့်မှန်းတန်ဖိုး ကျပ် ၁၂,၀၀၀,၀၀၀ အား အမှုတွဲဖွင့်လှစ်အရေးယူခဲ့ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် ယာဉ်ပိုင်ရှင် ဒေါ်နွယ်နီအောင် က အယူခံလျှောက်ထားမှုဖြစ်သည်။

အယူခံလျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက လျှောက်ထားသူသည် သိမ်းဆည်းခံရသည့် မော်တော်ယာဉ်အမှတ် 3P/9570 ကို ၁၆-၁၀-၂၀၁၉ ရက်နေ့တွင် ဦးသက်ခိုင် ထံမှ တန်ဖိုးငွေ ကျပ် ၁၁,၈၅၀,၀၀၀ ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း၊ အဆိုပါယာဉ်ကို ၅-၁-၂၀၂၀ နေ့မှ ၅-၁-၂၀၂၁ နေ့ထိ တစ်လလျှင် ကျပ် ၃၅၀,၀၀၀ ဖြင့် မန္တလေးမြို့နေ ဦးထွန်းနောင်ဦး ထံသို့ ခင်ပွန်းဖြစ်သူ ဦးဆွေလင်း အမည်ဖြင့် တစ်နှစ်တိတိ စာချုပ်ချုပ်ဆို ငှားရမ်းထားခဲ့ကြောင်း၊ ဦးထွန်းနောင်ဦး က မော်တော်ယာဉ်လက်ဝယ်ထား အသုံးပြုနေစဉ် ၇-၁၁-၂၀၂၀ ရက်နေ့တွင် ခွင့်ပြုချက်တင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟု ယူဆရသည့် ကျောက်တုံးများအား သယ်ဆောင်လာသည်ဟုဆိုကာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းက မော်တော်ယာဉ်ကို သိမ်းဆည်းခဲ့ကြောင်း၊ ၁၀-၁၁-၂၀၂၀ ရက်နေ့မှ လျှောက်ထားသူသိရှိခဲ့ရကြောင်း၊

သို့ဖြစ်၍ လျှောက်ထားသူသည် ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ အငှားယာဉ်မောင်း ဦးထွန်းနေဝင်းဦး က ၎င်း၏ ကိုယ်ကျိုးအတွက် စီးပွားရာအသုံးပြုခဲ့ပြီး မော်တော်ယာဉ်ကို ထားရှိထွက်ပြေးတိမ်းရှောင်ခဲ့ခြင်းဖြစ်၍ လျှောက်ထားသူ ယာဉ်ပိုင်ရှင်အနေဖြင့် မိမိမသိရှိနိုင်သော အခြေအနေတွင် မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် လျှောက်ထားသူအတွက် နစ်နာခဲ့ရသည်ဟု တင်ပြအပ်ပါကြောင်း၊ မော်တော်ယာဉ်သိမ်းဆည်းခဲ့သည့် တာဝန်ရှိသူများကလည်း ကုန်ပစ္စည်းများနှင့် ပတ်သက်၍ လျှောက်ထားသူ ပါဝင်ကျူးလွန်ခြင်းမရှိသောကြောင့် လျှောက်ထားသူအပေါ် အမှုဖွင့် ဆောင်ရွက်ခဲ့ခြင်းမျိုးလည်းမရှိကြောင်း တင်ပြလျှောက်လဲသည်။

ဆက်လက်၍တင်ပြရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ အပိုဒ် ၃ (ဂ) တွင် သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်လျှင် တန်ဖိုးမည်မျှပင်ဖြစ်စေကာမူ ပိုင်ရှင်ဖြစ်သူက ရွေးယူဒဏ်ငွေဖြင့် ရွေးယူလိုကြောင်း လျှောက်ထားလာပါက ဒဏ်ငွေတပ်ရိုက်၍ ရွေးယူခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ လျှောက်ထားသူသည် အခင်းဖြစ်မော်တော်ယာဉ်ဖြင့် မိသားစုစားဝတ်နေရေး ရှာဖွေစားသောက်နေရသဖြင့် လျှောက်ထားသူ၏ မိသားစုပေါ် ငွေညှာထောက်ထားပြီး မော်တော်ယာဉ်ကို ရွေးယူဒဏ်ငွေဖြင့် ပြန်လည်ရွေးယူခွင့်ပြုပါရန် လျှောက်ထားအပ်ပါကြောင်း၊ သိမ်းဆည်းထားသည့် မော်တော်ယာဉ်ပေါ်တွင် တွေ့ရှိရသည်ဆိုသော ခေါက်ဆွဲခြောက်ထုပ်နှင့် ပတ်တီးမှုန့်တို့သည် တားမြစ်ကုန်ပစ္စည်းများမဟုတ်သကဲ့သို့ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများမှာလည်း တန်ဖိုးနည်း ကျောက်ခွဲခြမ်းများသာဖြစ်ပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီးဖြစ်၍ နိုင်ငံတော်အတွက် တစ်စုံတစ်ရာနစ်နာမှု မရှိနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ အကောက်ခွန်ဦးစီးဌာန၏ အမိန့်စာအမှတ် ၁၁-မလ/၂၀၂၀ (၁၂၉-က) အမိန့်အားပယ်ဖျက်ပြီး သက်သေခံယာဉ်အား လျှောက်ထားသူထံသို့ ပြန်လည်ပေးအပ်စေသည့် အမိန့် သို့မဟုတ် ထိုက်သင့်သည့် ရွေးယူဒဏ်ငွေဖြင့် ပြန်လည်ရွေးယူခွင့်ပြုသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ပေးပါရန် တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ အကောက်ခွန်ဦးစီးဌာန၏ ဌာနဆိုင်ရာကိုယ်စားလှယ်က အခင်းဖြစ် ကျောက်စိမ်းအသားကျောက်အရိုင်း (D) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သယ်ဆောင်ရာတွင် ခွင့်ပြုမိန့်လိုင်စင်လိုအပ်သည့် ကုန်ပစ္စည်းဖြစ်သဖြင့် ခွင့်ပြုချက်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင် သယ်ဆောင်လာခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်သကဲ့သို့ အခင်းဖြစ်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုခဲ့သောယာဉ်ကိုလည်း ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ အခင်းဖြစ်ကျောက်စိမ်းများသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ရတနာတန်းဝင် ကျောက်အမျိုးအစားဖြစ်ကြောင်း၊ ယင်းကျောက်များကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်ပို့ခြင်းများနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်၊ လိုင်စင်၊ လုပ်ကိုင်ခွင့်ရှိသူများသာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ မည်သူမဆို ကျောက်မျက်ရတနာ အရိုင်းကိုဖြစ်စေ၊ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ပြည်ပသို့ သယ်ဆောင်ခြင်းမပြုရန် တားမြစ်ထားကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၃ (ဓ) တွင် ယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားကြောင်း၊ လျှောက်ထားသူက သိမ်းဆည်းရမိသော ကျောက်စိမ်းများမှာ တန်ဖိုးနည်း ကျောက်ခွဲခြမ်းများသာဖြစ်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ သိမ်းဆည်းရမိသော ကျောက်များမှာ

ကျောက်စိမ်းအသားကျောက်အရိုင်း (D) ဖြစ်ပြီး အဆိုပါ ကျောက်များကို နိုင်ငံတော်အတွင်း သယ်ဆောင်ရာတွင်လည်း ခွင့်ပြုမိန့်၊ လိုင်စင်၊ တင်ပို့သယ်ယူခွင့် လိုအပ်သည့်ပစ္စည်းများဖြစ်သည့်အပြင် ခွင့်ပြုချက် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ စားသောက်ကုန်၊ ပတ်တီးမှုန့်များနှင့်အတူ ရောနှောသယ်ဆောင်လာခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း တင်ပြသည်။

ဆက်လက်တင်ပြရာတွင် အခင်းဖြစ်မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနှင့် အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုသောယာဉ်အား အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဖွဲ့စည်းထားသော တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က အခင်းဖြစ် Nissan Delivery Van ယာဉ်အမျိုးအစား၊ ယာဉ်အမှတ် 3P/9570 ကို တန်ဖိုး ကျပ် ၁၂,၀၀၀,၀၀၀ ဟု သတ်မှတ်ထားကြောင်း၊ အခင်းဖြစ်ယာဉ်အား အရေးယူခြင်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (က) ပါ သတ်မှတ်ချက်နှင့် ငြိစွန်းအကျုံးဝင်သည့်အတွက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်သာဖြစ်ကြောင်း၊ အယူခံလျှောက်ထားသူက အဆိုပါယာဉ်အား ငှားရမ်းထားသဖြင့် မိမိလက်ဝယ်တွင်မရှိသော၊ မိမိမသိနိုင်သောအခြေအနေတွင် ယာဉ်ပိုင်ရှင်က ပါဝင်ကျူးလွန်ခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရခြင်းဖြစ်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်း၍ "ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် စိုးမြင့်နိုင်ပါ ၄၀၊ ၁၉၉၁၊ မတစ၊ စာ – ၅၃ (စုံညီ)" စီရင်ထုံး၌ "အမှုတွင် ဥပဒေနှင့်ငြိစွန်းသော ပစ္စည်းများကိုပို့ဆောင်ရာ၌ မိမိ၏မော်တော်ယာဉ်ကို အသုံးပြုသည့်ကိစ္စအား ပိုင်ရှင်က မသိသည်ကို အကြောင်းပြုပြီး ယင်းမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းမပြုနိုင်ဟူသော တရားသေသတ်မှတ်ထားသည့် ဥပဒေမရှိကြောင်း၊ နယ်စပ်ဒေသကို အလွယ်တကူ သွားလာနိုင်သောဒေသများတွင် မော်တော်ယာဉ်ပိုင်ရှင်တို့သည် ယာဉ်မောင်းအစရှိသော မိမိတို့၏ အလုပ်သမားများအား ဥပဒေနှင့်ငြိစွန်းသော ကုန်ပစ္စည်းများ မသယ်မိစေရန် ပိုမိုကြီးကြပ်ကွပ်ကဲကြရန် တာဝန်ရှိကြောင်း၊ မိမိမသိရပါဟူသော အကြောင်းပြချက်ဖြင့် မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှကင်းလွတ်ခွင့်ရရန် တောင်းဆိုခြင်းမပြုနိုင်ကြောင်း" လမ်းညွှန်စီရင်ထုံးဖွဲ့ထားပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆန့်ကျင်၍ ကျောက်စိမ်းအသားကျောက် (D) များကို သယ်ဆောင်လာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အခင်းဖြစ်ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုသောမော်တော်ယာဉ်အား ယင်းအက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် ဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားခြင်းဖြစ်သောကြောင့် အယူခံလွှာကို ပလပ်ပေးပါရန် ချေပလျှောက်ထားတင်ပြသည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့၏ တင်ပြချက်များအရ အခင်းဖြစ်မော်တော်ယာဉ် (3P/9570) ဖြင့် သက်သေခံခေါက်ဆွဲခြောက်ထုပ်များ၊ ပတ်တီးမှုန့်များနှင့်အတူ ကျောက်စိမ်းအသားကျောက် (D) ကို ရောနှောသယ်ဆောင်လာကြောင်း၊ အဆိုပါ ကျောက်စိမ်းများသယ်ဆောင်ရာတွင် သက်ဆိုင်ရာ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက်သည်ကို တွေ့ရှိရသည်။ သက်သေခံ

ကျောက်စိမ်းအသားကျောက် (D) သည် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ကျောက်မျက်ရတနာ အရိုင်းအဖြစ် သတ်မှတ်ထားသော ပစ္စည်းများဖြစ်သောကြောင့် သက်ဆိုင်ရာ၏ ခွင့်ပြုမိန့်မရှိဘဲ သယ်ယူခွင့် မရှိကြောင်း ယင်းဥပဒေပုဒ်မ ၄၇ ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၁ (က) ဖြင့်လည်းကောင်း တားမြစ်ပြဋ္ဌာန်းထား သည်ကို တွေ့ရှိရသည်။ တန်ဖိုးနည်းသည်ဖြစ်စေ၊ တန်ဖိုးများသည်ဖြစ်စေ ယင်းကဲ့သို့ တားမြစ်ထားသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ သယ်ယူလာခြင်းကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) အရလည်းကောင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) အရလည်းကောင်း သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပြီး ယင်းသက်သေခံကျောက်စိမ်း အသားကျောက် (D) ကို သယ်ဆောင်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ် (3P/9570) ကို ပင်လယ် ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ သိမ်းဆည်းအရေးယူခဲ့ခြင်းဖြစ်ကြောင်း သုံးသပ် ရရှိသည်။

လျှောက်ထားသူက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀၊ အပိုဒ် ၃ (ဂ) ကို ရည်ညွှန်း၍ သက်သေခံပစ္စည်းသယ်ဆောင်ရာတွင် အသုံးပြုခဲ့သော မော်တော်ယာဉ်ကို ရွေးယူဒဏ်ငွေတပ်ရိုက်၍ ပြန်လည်ရွေးယူခွင့်ပြုသင့်ကြောင်း တင်ပြလျှောက်ထားချက်နှင့်စပ်လျဉ်း၍ သိမ်းဆည်းရမိသော တရားမဝင်ကုန်ပစ္စည်းများသည် ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်မှသာ ယင်းအမိန့်ကြော်ငြာစာ အပိုဒ် ၃ (ဂ) ဖြင့် အကျုံးဝင်မည်ဖြစ်သော်လည်း ယခုအမှုတွင် သိမ်းဆည်းရမိသော ကျောက်မျက်ရတနာများသယ်ယူခြင်းကို ဥပဒေဖြင့် ပိတ်ပင်တားမြစ်ထားကြောင်း တွေ့ရှိရသဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀၊ အပိုဒ် ၃ (က) ဖြင့်သာ အရေးယူဆောင်ရွက်ရမည်ဖြစ်သောကြောင့် အဆိုပါ ကျောက်မျက်ရတနာများသယ်ဆောင် ရာတွင် အသုံးပြုခဲ့သည့်ယာဉ်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းမှာ မှားယွင်းသည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း သုံးသပ်ရရှိသည်။

အခင်းဖြစ် ကျောက်စိမ်းအသားကျောက်များ သယ်ယူလာခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူသည် ပါဝင်ပတ်သက်ခြင်းမရှိသဖြင့် အရေးယူခံရခြင်းမရှိသည်မှာ မှန်သော်လည်း တားမြစ်ကုန်ပစ္စည်းဖြစ်သော အဆိုပါ ကျောက်စိမ်းအသားကျောက်များ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ယာဉ်မှာ အခင်းဖြစ်ယာဉ် ဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်သောကြောင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း သုံးသပ်ရရှိသဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်–

**အမိန့်**

မန္တလေးမြို့နယ်၊ အကောက်ခွန်ဦးစီးဌာန၏ ၃–၃–၂၀၂၂ ရက်စွဲပါ အမိန့်စာအမှတ်၊ ၁၁–မလ/၂၀၂၀ (၁၂၉–က) ဖြင့် မော်တော်ယာဉ်အမှတ် (3P/9570)၊ Nissan Delivery Van အမျိုးအစားယာဉ်အား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခဲ့သည့် အမိန့်အား အတည်ပြု၍ အယူခံလျှောက်ထားချက်အား ပလပ်လိုက်သည်။

| | | |
|---|---|---|
| ကျော်ကျော် | ဝင်းတင် | ဇေယျကြည်ညွန့် |
| အဖွဲ့ဝင် | ခုံအဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၆၈၄/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်)

ရော၀တီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၀၄၄-C/ရေကြည်မြို့ကွင်း)၊ ဦးပိုင်အမှတ်-၁၆၇/၁၊ ၁၆၉/၁၊ ၁၇၀ တို့ရှိ **မြေဧရိယာ ၀.၁၄၁ ဧက** ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ **ရေကြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြန်ကြားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြန်ကြားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**အမိန့်ကြော်ငြာစာ (၆၈၅/၂၀၂၂)**

ရော၀တီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၇/တောင်ပိုင်း)၊ ဦးပိုင်အမှတ်-၅၅၅ ရှိ **မြေဧရိယာ ၀.၂၃၈ ဧက** အား **မော်လမြိုင်ကျွန်းမြို့နယ် တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စု တရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၂၀/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၁) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိန်ငွေမိုး (ပ/၅၁၉၃)<br>ဟိုပန်မြို့နယ် | မိုင်းတုံခရိုင် |
| (၂) | ဒေါ်နွယ်နွယ်ထွန်း (ပ/၅၈၃၂)<br>ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး |
| (၃) | ဦးစူးရယ် (ပ/၅၁၅၄)<br>ကယားပြည်နယ် | ကယားပြည်နယ် |

| | | |
|---|---|---|
| (၄) | ဦးမင်းဇာနည် (ပ/၅၇၁၅)<br>သိန္နီမြို့နယ် | ကမာရွတ်ခရိုင် |
| (၅) | ဦးခိုင်ဝေလင်း (ပ/၅၇၈၇)<br>မိုင်းတုံမြို့နယ် | မိုင်းလားခရိုင် |
| (၆) | ဦးကျော်ဇေယျာဦး (ပ/၅၇၁၉)<br>မိုင်းပန်မြို့နယ် | ချီဖွေခရိုင် |
| (၇) | ဦးစလွှမ်းထက်မောင် (ပ/၅၇၂၂)<br>တပ်ကုန်းမြို့နယ် | ကန့်ဘလူခရိုင်<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၈) | ဦးဝင်းထွေး (ပ/၅၈၅၉)<br>တောင်ကြီးမြို့နယ် | ပလက်ဝခရိုင် |
| (၉) | ဦးဇင်အောင် (ပ/၅၁၈၄)<br>ကွတ်ခိုင်မြို့နယ် | ကယားပြည်နယ် |
| (၁၀) | ဒေါ်ဖြိုးဖြိုးသန့် (ပ/၅၈၀၂)<br>မြင်းမူမြို့နယ် | အမရပူရခရိုင် |
| (၁၁) | ဦးရန်ဟီးဝေပုံ (ပ/၅၄၆၄)<br>ထန်ပါခွေမြို့ | "နာဂ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ်(၇၂၁/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၁) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်ပြေငြိမ်း (ပ/၅၇၁၀)<br>မကွေးတိုင်းဒေသကြီး | ကြာအင်းဆိပ်ကြီးခရိုင် |
| (၂) | ဒေါ်သုနန္ဒာ (ပ/၆၂၄၂)<br>ကယားပြည်နယ် | ကယားပြည်နယ် |
| (၃) | ဦးကြည်မင်း (ပ/၅၆၉၇)<br>စကုမြို့ | သံတောင်ကြီးခရိုင် |
| (၄) | ဒေါ်စိမ်းစိမ်းမြင့် (ပ/၅၈၂၃)<br>ဒက္ခိဏခရိုင် | ရုံးချုပ် |
| (၅) | ဒေါ်စိုးစိုး (ပ/၅၈၆၆)<br>မိုင်းရယ်မြို့နယ် | တန့်ယန်းခရိုင် |

| | | |
|---|---|---|
| (၆) | ဦးအောင်ဇော်ဦး (ပ/၆၅၃၉)<br>ဆောမြို့နယ် | အောင်လံခရိုင် |
| (၇) | ဦးထက်မြတ်အောင် (ပ/၅၈၄၁)<br>ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |
| (၈) | ဦးဇော်ဇော်အောင် (ပ/၅၈၄၄)<br>မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးမြတ်စိုး (ပ/၅၆၇၈)<br>ဆိပ်ဖြူမြို့နယ် | မကွေးတိုင်းဒေသကြီး |
| (၁၀) | ဒေါ်သီသီအောင် (ပ/၅၈၈၀)<br>မြောင်းမြမြို့နယ် | မြောင်းမြခရိုင် |
| (၁၁) | ဦးကိုကိုအောင် (ပ/၅၈၄၇)<br>နမ့်ဆန်မြို့နယ် | မကွေးတိုင်းဒေသကြီး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၂/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၁) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသူရိန်အောင် (ပ/၅၀၈၈)<br>ကလောမြို့နယ် | ချင်းပြည်နယ် |
| (၂) | ဒေါ်ခွာသန်း (ပ/၅၈၀၆)<br>ချင်းပြည်နယ် | ချင်းပြည်နယ် |
| (၃) | ဒေါ်ဝင်းအိခိုင် (ပ/၅၈၄၈)<br>ဒလမြို့နယ် | မြန်အောင်ခရိုင် |
| (၄) | ဦးနိုင်လွင် (ပ/၆၄၅၂)<br>ရှမ်းပြည်နယ် | တောင်ကြီးခရိုင် |
| (၅) | ဦးထွန်းထွန်းလင်း (ပ/၅၆၈၄)<br>မန္တလေးတိုင်းဒေသကြီး | သပိတ်ကျင်းခရိုင် |
| (၆) | ဦးအောင်ဗိုလ်ဗိုလ် (ပ/၅၈၇၉)<br>ဥတ္တရသီရိမြို့နယ် | တောင်ကုတ်ခရိုင် |
| (၇) | ဦးစိန်မင်းရှင် (ပ/၅၆၇၄)<br>ပွင့်ဖြူမြို့နယ် | ကျိုက်ထိုခရိုင် |

| | | |
|---|---|---|
| (၈) | ဦးအောင်မြတ်စိုး (ပ/၅၇၈၂)<br>မိုင်းဖြတ်မြို့နယ် | မိုင်းဆတ်ခရိုင် |
| (၉) | ဦးနေဇာမျိုး (ပ/၅၆၉၂)<br>မိုးပိုင်းလွတ်မြို့ | ဟုမ္မလင်းခရိုင် |
| (၁၀) | ဒေါ်စုဝေဖြိုး (ပ/၅၈၀၀)<br>တနင်္သာရီတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး |
| (၁၁) | ဦးသန့်ဇင်ဌေး (ပ/၅၈၂၅)<br>ပခုက္ကူခရိုင် | ပခုက္ကူခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၃/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးလှိုင်ဘုန်းထက် (ပ/၅၈၂၀)<br>မိုင်းရယ်မြို့နယ် | တန့်ယန်းခရိုင် |
| (၂) | ဒေါ်စန္ဒီဆန်းမြင့် (ပ/၆၀၂၆)<br>ရှမ်းပြည်နယ် | လွိုင်လင်ခရိုင် |
| (၃) | ဦးကောင်းစံ (ပ/၅၈၆၇)<br>ခနဲဖြူမြို့နယ် | ဟသ်ာတခရိုင် |
| (၄) | ဒေါ်သင်းသင်းဦး (ပ/၅၇၉၂)<br>မတ္တရာမြို့နယ် | အောင်မြေသာစံခရိုင် |
| (၅) | ဒေါ်သန္တာဆွေဆွေကျော် (ပ/၆၄၄၅)<br>လွိုင်ကော်ခရိုင် | လွိုင်ကော်ခရိုင် |
| (၆) | ဒေါ်စုစုထွေး (ပ/၆၅၂၄)<br>ကယားပြည်နယ် | လွိုင်ကော်ခရိုင် |
| (၇) | ဒေါ်အေးအေးမြင့် (ပ/၆၄၃၇)<br>ရှမ်းပြည်နယ် | မွန်ပြည်နယ် |
| (၈) | ဒေါ်နန်းရွှေစင်အေး (ပ/၆၃၂၄)<br>ကျောက်မဲမြို့နယ် | မန္တလေးတိုင်းဒေသကြီး |
| (၉) | ဒေါ်ကေခိုင်ဦး (ပ/၆၂၂၄)<br>ရှမ်းပြည်နယ် | ရှမ်းပြည်နယ် |
| (၁၀) | ဦးသန်းဇော်မြင့် (ပ/၅၇၂၅)<br>သပိတ်ကျင်းမြို့နယ် | မိုင်းယောင်းခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၄/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခေါလ်ဒါမ်းဂျုံးခေါ် (ပ/၅၈၆၈)<br>ဆင်ဘိုမြို့ | ချီဖွေခရိုင် |
| (၂) | ဦးစောချမ်း (ပ/၅၇၁၁)<br>ကျောက်တလုံးကြီးမြို့ | မိတ္ထီလာခရိုင် |
| (၃) | ဒေါ်ချောစုဝင်း (ပ/၆၀၃၄)<br>ရှမ်းပြည်နယ် | ကလောခရိုင် |
| (၄) | ဒေါ်အေးနှင်းစိုး (ပ/၆၂၄၇)<br>ရှမ်းပြည်နယ် | "ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၅) | ဒေါ်အေးမြတ်မော် (ပ/၅၉၄၃)<br>ဧရာဝတီတိုင်းဒေသကြီး | ဧရာဝတီတိုင်းဒေသကြီး |
| (၆) | ဒေါ်သင်းသင်းဆွေ (ပ/၅၇၆၁)<br>ဗိုလ်တထောင်မြို့နယ် | ကျိုက်ပျော်ခရိုင် |
| (၇) | ဦးသိန်းဇော် (ပ/၅၇၇၇)<br>မြိုင်မြို့နယ် | မကွေးတိုင်းဒေသကြီး |
| (၈) | ဒေါ်မြဝ္ဂမ်းဖြူ (ပ/၆၃၂၉)<br>ရှမ်းပြည်နယ် | နမ့်စန်ခရိုင် |
| (၉) | ဦးအောင်ကျော်သက် (ပ/၅၇၄၀)<br>ဆင်ပေါင်ဝဲမြို့နယ် | မရမ်းကုန်းခရိုင် |
| (၁၀) | ဦးဝင်းသူအောင် (ပ/၅၇၈၅)<br>မင်းတုန်းမြို့နယ် | ကချင်ပြည်နယ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၅/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်လွင်ဦး (ပ/၆၅၅၄)<br>ပဲခူးတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး |

| | | |
|---|---|---|
| (၂) | ဦးနေမျိုးအောင် (ပ/၅၆၇၆)<br>မန္တလေးတိုင်းဒေသကြီး | မန္တလေးတိုင်းဒေသကြီး |
| (၃) | ဒေါ်ဇင်မာဦး (ပ/၆၀၄၁)<br>ပုဗ္ဗန်တောင်မြို့နယ် | အင်းစိန်ခရိုင် |
| (၄) | ဒေါ်အေးအေးမြင့် (ပ/၆၀၉၆)<br>"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း |
| (၅) | ဦးမျိုးဇော်ထက် (ပ/၆၃၈၆)<br>မုံးကိုးမြို့ | ညောင်လေးပင်ခရိုင် |
| (၆) | ဒေါ်လှိုင်ဝင်းဝင်းမြတ် (ပ/၆၃၁၀)<br>ဝက်လက်မြို့နယ် | အမရပူရခရိုင် |
| (၇) | ဦးအောင်မျိုးကျော် (ပ/၆၃၈၇)<br>ရှမ်းပြည်နယ် | မွန်ပြည်နယ် |
| (၈) | ဒေါ်ကြူကြူဝင်း (ပ/၅၈၀၉)<br>ကျိုက်ထိုမြို့နယ် | နတ်တလင်းခရိုင် |
| (၉) | ဦးဝင်းမင်းထွန်း (ပ/၅၇၃၀)<br>ပုသိမ်ကြီးမြို့နယ် | သပိတ်ကျင်းခရိုင် |
| (၁၀) | ဦးသက်နိုင်ထွန်း (ပ/၆၁၉၅)<br>ရုံးချုပ် | နမ့်စန်ခရိုင် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၂၆/၂၀၂၂)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်မြတ်မြတ်ဖွေး (ပ/၆၃၄၂)<br>ချမ်းအေးသာစံမြို့နယ် | တနင်္သာရီတိုင်းဒေသကြီး |
| (၂) | ဦးသိန်းဇော်ဦး (ပ/၅၆၇၂)<br>ဒေ့ါဖုန်းယန်မြို့ | မကွေးတိုင်းဒေသကြီး |
| (၃) | ဒေါ်နန်းသဇင်မြင့်သိန်း (ပ/၆၁၂၀)<br>သိန္နီမြို့နယ် | ကွတ်ခိုင်ခရိုင် |
| (၄) | ဦးဆန်းထွန်းဦး (ပ/၆၀၃၅)<br>ရန်ကုန်တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| (၅) | ဒေါ်နွဲ့ယဉ်ဝင်း (ပ/၆၂၇၇)<br>ချောက်မြို့နယ် | ချောက်ခရိုင် |

| | | |
|---|---|---|
| (၆) | ဒေါ်ညိုဇင်ဖြိုး (ပ/၅၇၇၆)<br>ကရင်ပြည်နယ် | ကရင်ပြည်နယ် |
| (၇) | ဒေါ်နွယ်နီလှိုင် (ပ/၅၈၄၅)<br>ကရင်ပြည်နယ် | ကရင်ပြည်နယ် |
| (၈) | ဦးကျော်ထိုက်စိုး (ပ/၆၆၆၇)<br>မြို့သစ်မြို့နယ် | ရခိုင်ပြည်နယ် |
| (၉) | ဒေါ်အေးအေးအောင် (ပ/၆၅၄၉)<br>ရှမ်းပြည်နယ် | လှိုင်လင်ခရိုင် |
| (၁၀) | ဒေါ်အိအိကြွယ် (ပ/၅၈၇၆)<br>တောင်တွင်းကြီးမြို့နယ် | မကွေးခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၇/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်ဖြိုးသူ (ပ/၅၂၆၅)<br>စိုင်ပြင်မြို့ | တာချီလိတ်ခရိုင် |
| (၂) | ဦးနေလင်းထွန်း (ပ/၅၉၀၈)<br>ဟိုပုံးမြို့နယ် | ရခိုင်ပြည်နယ် |
| (၃) | ဒေါ်နယ်လီဝင်း (ပ/၆၁၀၉)<br>ချမ်းမြသာစည်မြို့နယ် | တနင်္သာရီတိုင်းဒေသကြီး |
| (၄) | ဒေါ်နန်းနောင်မိုမိုလှိုင် (ပ/၆၃၀၄)<br>ရှမ်းပြည်နယ် | လင်းခေးခရိုင် |
| (၅) | ဦးကျော်သူစိုး (ပ/၅၇၀၃)<br>ပြည်ကြီးတံခွန်မြို့နယ် | ကယားပြည်နယ် |
| (၆) | ဦးစိုင်းချမ်းမြေ့ဝင်း (ပ/၆၂၂၇)<br>နောင်တရားမြို့ | မိုင်းယန်းခရိုင် |
| (၇) | ဦးယဉ်မောင်သန်း (ပ/၆၃၄၁)<br>မြင်းခြံခရိုင် | ရခိုင်ပြည်နယ် |
| (၈) | ဦးခင်မောင်ထူး (ပ/၆၀၀၇)<br>နေပြည်တော် | မရမ်းကုန်းခရိုင် |

| | | |
|---|---|---|
| (၉) | ဒေါ်မေနန္ဒာပပဝင်း (ပ/၅၈၁၅)<br>ညောင်တုန်းမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| (၁၀) | ဦးအောင်အောင်ကျော် (ပ/၅၆၈၀)<br>ပြည်နယ်ဒုတိယအထွေထွေ<br>အုပ်ချုပ်ရေးဦးစီးဌာန (လားရှိုး) | ဟိုပန်ခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၈/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအာကာမျိုးရှိန် (ပ/၆၁၉၄)<br>ဒိုက်ဦးမြို့ | ခန္တီးခရိုင် |
| (၂) | ဒေါ်အေးအေးတင့် (ပ/၆၂၄၉)<br>မဟာအောင်မြေခရိုင် | မန္တလေးတိုင်းဒေသကြီး |
| (၃) | ဦးဇော်မျိုးအောင် (ပ/၆၅၇၉)<br>မန္တလေးတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| (၄) | ဒေါ်သိင်္ဂီထွန်း (ပ/၆၂၈၆)<br>ရုံးချုပ် | ဟင်္သာတခရိုင် |
| (၅) | ဦးနေလင်းအောင် (ပ/၅၇၇၅)<br>မကွေးတိုင်းဒေသကြီး | မကွေးတိုင်းဒေသကြီး |
| (၆) | ဦးညီညီထွန်း (ပ/၆၂၂၃)<br>ကချင်ပြည်နယ် | ချင်းပြည်နယ် |
| (၇) | ဦးအောင်မြင့်မြတ် (ပ/၅၈၇၈)<br>အောင်လံမြို့နယ် | ကယားပြည်နယ် |
| (၈) | ဒေါ်စုမွန်အောင် (ပ/၅၉၉၀)<br>နေပြည်တော် | အောင်လံခရိုင် |
| (၉) | ဒေါ်နော်စေးဝါး (ပ/၆၁၉၃)<br>ကရင်ပြည်နယ် | မြဝတီခရိုင် |
| (၁၀) | ဦးတေဇာအောင် (ပ/၆၂၅၉)<br>ပုသိမ်မြို့နယ် | ချင်းပြည်နယ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၂၉/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ရတနာစိုး (ပ/၆၅၁၀)<br>စစ်ကိုင်းမြို့နယ် | စစ်ကိုင်းတိုင်းဒေသကြီး |
| (၂) | ဦးဇော်ဇော်အောင် (ပ/၆၆၄၅)<br>ဧရာဝတီတိုင်းဒေသကြီး | စစ်တွေခရိုင် |
| (၃) | ဒေါ်နန်းယဉ်ယဉ်စိုး (ပ/၆၄၉၉)<br>ဘားအံမြို့နယ် | ကရင်ပြည်နယ် |
| (၄) | ဒေါ်အေးအေးမွန် (ပ/၆၂၁၃)<br>ဟင်္သာတမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| (၅) | ဦးစည်သူအောင် (ပ/၅၉၉၆)<br>ဟုမ္မလင်းမြို့နယ် | ခန္တီးခရိုင် |
| (၆) | ဒေါ်စန်းစန်းဦး (ပ/၆၀၁၈)<br>တောင်ကြီးမြို့နယ် | မြန်အောင်ခရိုင် |
| (၇) | ဦးနေမင်းထွန်း (ပ/၆၃၁၉)<br>ခိုလမ်မြို့ | မိုင်းတုံခရိုင် |
| (၈) | ဦးဖြိုးဝေလင်း (ပ/၅၇၂၀)<br>ကျိုက္ကလီမြို့ | တောင်ကုတ်ခရိုင် |
| (၉) | ဒေါ်ဥမ္မာဇင် (ပ/၆၀၅၈)<br>မွန်ပြည်နယ် | ရေးခရိုင် |
| (၁၀) | ဦးတင်ဝင်းမောင် (ပ/၅၇၀၁)<br>မော်လမြိုင်မြို့နယ် | ချင်းပြည်နယ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၀/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ငုဝါခိုင် (ပ/၅၈၈၄)<br>ပုလဲမြို့နယ် | မွန်ပြည်နယ် |

(၂) ဒေါ်ဇာခြည်သန်း (ပ/၆၀၇၅) ပန်းတနော်မြို့နယ် — ကျောက်တံတားခရိုင်

(၃) ဦးဝေလင်းဇော် (ပ/၆၅၆၃) အိမ်မဲမြို့နယ် — လင်းခေးခရိုင်

(၄) ဦးသက်နိုင်ထွန်း (ပ/၅၈၄၆) စစ်ကိုင်းတိုင်းဒေသကြီး — စစ်ကိုင်းတိုင်းဒေသကြီး

(၅) ဦးထွန်းလင်းခိုင် (ပ/၅၇၃၈) ဖယ်ခုံမြို့နယ် — ဒဂုံမြို့သစ်ခရိုင်

(၆) ဒေါ်ရတနာသက် (ပ/၆၅၄၈) မြင်းခြံခရိုင် — ကျိုက်ထိုခရိုင်

(၇) ဦးအောင်မျိုးထွေး (ပ/၅၈၈၈) ဧရာဝတီတိုင်းဒေသကြီး — ဧရာဝတီတိုင်းဒေသကြီး

(၈) ဒေါ်သင်းမြတ်လွင် (ပ/၆၂၅၅) ညောင်ရွှေမြို့နယ် — မင်းဘူးခရိုင်

(၉) ဒေါ်မြသူဇာ (ပ/၆၀၆၈) ညောင်တုန်းမြို့နယ် — ရုံးချုပ်

(၁၀) ဒေါ်ခင်သက်ဆွေ (ပ/၆၂၅၆) ဖျာပုံမြို့နယ် — မှော်ဘီခရိုင်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၁/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ဦးမျိုးမင်းထွန်း (ပ/၆၃၅၈) မင်းတုန်းမြို့နယ် — မူဆယ်ခရိုင်

(၂) ဒေါ်နှင်းမြမြဦး (ပ/၆၁၅၄) နောင်ချိုမြို့နယ် — ဟိုပန်ခရိုင်

(၃) ဦးရဲမင်းထွန်း (ပ/၆၆၁၁) ကာလိမြို့ — ရွှေဘိုခရိုင်

(၄) ဦးသက်ဦးမောင် (ပ/၆၂၁၅) မိုင်းယန်းမြို့နယ် — မိုင်းယန်းခရိုင်

| | | |
|---|---|---|
| (၅) | ဒေါ်ခိုင်နှင်းဖြူ (ပ/၅၉၃၂) ကရင်ပြည်နယ် | ကရင်ပြည်နယ် |
| (၆) | ဒေါ်စိုးစိုးထက် (ပ/၅၉၁၄) မွန်ပြည်နယ် | ထားဝယ်ခရိုင် |
| (၇) | ဦးချစ်မောင်မောင်ဦး (ပ/၆၀၅၄) မကွေးတိုင်းဒေသကြီး | မင်္ဂလာဒုံခရိုင် |
| (၈) | ဒေါ်ခင်ကြွေငွေး (ပ/၆၁၈၆) ဥတ္တရခရိုင် | ဖြေယျာသီရိခရိုင် |
| (၉) | ဦးသူရိန်ထွန်း (ပ/၆၆၆၀) သရက်ခရိုင် | ချောက်ခရိုင် |
| (၁၀) | ဒေါ်ဖြူဖြူဝင်း (ပ/၆၀၁၁) "ခနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | မိုင်းရှူးခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၂/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်နန်းမြတ်ဆုလှိုင် (ပ/၆၁၆၀) ကရင်ပြည်နယ် | ကရင်ပြည်နယ် |
| (၂) | ဒေါ်ထုရာ (ပ/၆၃၆၆) ကချင်ပြည်နယ် | ကချင်ပြည်နယ် |
| (၃) | ဦးချမ်းမြေ့အောင် (ပ/၆၃၁၈) ရှမ်းချုပ် | ရှမ်းချုပ် |
| (၄) | ဦးဖြိုးဝေကျော် (ပ/၅၈၆၀) ငွေဆောင်မြို့ | အမ်းခရိုင် |
| (၅) | ဒေါ်သန္တာဦး (ပ/၆၁၀၁) ရှမ်းချုပ် | "ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| (၆) | ဒေါ်တင်မိုးလှိုင် (ပ/၆၁၅၃) နေပြည်တော် | ဥတ္တရခရိုင် |
| (၇) | ဒေါ်ဖေရယ် (ခ) အေပရယ် (ပ/၆၁၁၁) ရှမ်းချုပ် | ဧရာဝတီတိုင်းဒေသကြီး |

| | | |
|---|---|---|
| (၈) | ဒေါ်တင်မေယု (ပ/၆၆၅၄)<br>သိန္နီမြို့နယ် | ကွတ်ခိုင်ခရိုင် |
| (၉) | ဦးရောမင်း (ပ/၅၆၈၂)<br>ပဲနွယ်ကုန်းမြို့ | ရခိုင်ပြည်နယ် |
| (၁၀) | ဦးနန္ဒအောင် (ပ/၅၁၀၈)<br>ပင်လောင်းမြို့နယ် | ချင်းပြည်နယ် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၃/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ဝေဝေလွင် (ပ/၆၁၈၀)<br>ရုံးချုပ် | ရုံးချုပ် |
| (၂) | ဒေါ်ဆွေဆွေဝင်း (ပ/၅၉၇၈)<br>ရွှာငံမြို့နယ် | တံတားဦးခရိုင် |
| (၃) | ဦးဟန်လင်းအောင် (ပ/၆၁၀၂)<br>ဥတ္တရသီရိမြို့နယ် | ရေးခရိုင် |
| (၄) | ဦးကျော်မင်းထက် (ပ/၆၄၇၅)<br>မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေခရိုင် |
| (၅) | ဒေါ်မြသက်နွယ် (ပ/၆၂၄၄)<br>မကွေးတိုင်းဒေသကြီး | သရက်ခရိုင် |
| (၆) | ဦးအောင်မိုးခိုင် (ပ/၆၂၇၂)<br>ဆီဆိုင်မြို့နယ် | မိုးညှင်းခရိုင် |
| (၇) | ဦးကိုကိုအေး (ပ/၆၀၃၆)<br>မဘိမ်းမြို့နယ် | ကချင်ပြည်နယ် |
| (၈) | ဦးအောင်မြင့်စိုး (ပ/၅၇၃၉)<br>ရွှေပြည်အေးမြို့ | မိုင်းလားခရိုင်<br>(ဝန်ကြီးရုံးတွဲဖက်) |
| (၉) | ဦးရဲပိုင်အောင် (ပ/၆၀၆၇)<br>ဟုမ္မလင်းမြို့နယ် | ရေဦးခရိုင် |
| (၁၀) | ဦးစည်သူဖြိုး (ပ/၆၃၁၃)<br>ပဲခူးတိုင်းဒေသကြီး | အမ်းခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၄/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးမြင့်ဇော် (ပ/၆၃၈၅)<br>ပင်လုံမြို့ | မယ်စဲခရိုင် |
| (၂) | ဒေါ်နုနုရှိန် (ပ/၅၉၄၅)<br>ပူတာအိုမြို့နယ် | ပူတာအိုခရိုင် |
| (၃) | ဒေါ်ဆွေဆွေထွန်း (ပ/၅၉၃၅)<br>ဆင်ပေါင်ဝဲမြို့နယ် | တံတားဦးခရိုင် |
| (၄) | ဒေါ်မြတ်သန္တာဝေ (ပ/၆၆၃၃)<br>လှိုင်လင်မြို့နယ် | မိုင်းရှူးခရိုင် |
| (၅) | ဦးကျော်ဇင်လင်း (ပ/၅၈၈၉)<br>ရုံးချုပ် | ရုံးချုပ် |
| (၆) | ဦးနိုင်ဝင်း (ပ/၆၂၇၅)<br>ရန်ကုန်တိုင်းဒေသကြီး | ညောင်လေးပင်ခရိုင် |
| (၇) | ဦးစိုးဝဏ္ဏကျော် (ပ/၆၁၃၈)<br>ငဖဲမြို့နယ် | မူဆယ်ခရိုင် |
| (၈) | ဒေါ်သီဂီအေး (ပ/၆၃၁၅)<br>စလင်းမြို့နယ် | မကွေးတိုင်းဒေသကြီး |
| (၉) | ဦးဇော်ဝင်း (ပ/၆၅၇၁)<br>တာလေမြို့ | မိုင်းယောင်းခရိုင် |
| (၁၀) | ဦးမျိုးဝေ (ပ/၅၈၁၈)<br>တနင်္သာရီတိုင်းဒေသကြီး | ဘုတ်ပြင်းခရိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၅/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင့်ထက်အောင် (ပ/၆၃၃၀)<br>ကွမ်းလုံမြို့နယ် | မက်မန်းခရိုင် |

(၂) ဦးလမျိုးကျော် (ပ/၅၄၉၀) သီပေါမြို့နယ် — ဒီးမော့ဆိုခရိုင်

(၃) ဒေါ်မိုးသူဇာ (ပ/၅၉၂၁) သာစည်မြို့နယ် — ကျိုင်းတုံခရိုင်

(၄) ဒေါ်ဇာဇာလှိုင် (ပ/၆၁၁၉) ညောင်ရွှေမြို့နယ် — ရန်ကုန်တိုင်းဒေသကြီး

(၅) ဒေါ်ဇင်နွယ်ဝင်း (ပ/၆၄၄၉) မင်းလှမြို့နယ် (မကွေးတိုင်းဒေသကြီး) — တိုက်ကြီးခရိုင်

(၆) ဒေါ်နန်းမာလာအေး (ပ/၆၂၈၄) သာစည်မြို့နယ် — မန္တလေးတိုင်းဒေသကြီး

(၇) ဒေါ်နော်ဘယ်နဒစ်ချောစု (ပ/၅၉၅၅) နေပြည်တော် — ဖေယျာသီရိခရိုင်

(၈) ဒေါ်အိအိသွယ် (ပ/၅၉၂၅) မြစ်သားမြို့နယ် — ဧရာဝတီတိုင်းဒေသကြီး

(၉) ဦးအောင်မိုးကျော် (ပ/၆၃၃၈) ကချင်ပြည်နယ် — တနိုင်းခရိုင်

(၁၀) ဦးဝင်းနိုင်ဦး (ပ/၆၀၀၃) ကော့ကရိတ်မြို့နယ် — မြစ်ကြီးနားခရိုင်

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၇၃၆/၂၀၂၂)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၁) (ဒုတိယဦးစီးမှူး) (၁၀) ဦးတို့အား စီမံခန့်ခွဲရေးဝန်ထမ်းအဆင့် (၂) (ဦးစီးအရာရှိ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) ဦးမျိုးမင်းဇော် (ပ/၆၃၆၃) လပွတ္တာမြို့နယ် — ဖျာပုံခရိုင်

(၂) ဒေါ်ဇာခြည်ဝင်း (ပ/၆၀၁၆) သရက်မြို့နယ် — ဗိုလ်တထောင်ခရိုင်

(၃) ဒေါ်ဇင်မာလွင် (ပ/၆၅၆၈) တောင်တွင်းကြီးမြို့နယ် — ကမာရွတ်ခရိုင်

(၄) ဦးနေစိုး (ပ/၅၆၉၆) ရေဦးမြို့နယ် — ဘောလခဲခရိုင် (ဝန်ကြီးရုံးတွဲဖက်)

